# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ရက်၊ သောကြာနေ့၊ (3-7-2015) (၈၂၅၀)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၅ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရိုင်း ကိုဘီအာကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# ဒုတိယသက်တမ်းနှင့် ပတ်သက်ပြီး တိုင်းပြည်အခြေအနေ၊ ပြည်သူများ၏ဆန္ဒတို့အပေါ်မူတည်ပြီး ဆုံးဖြတ်သွားမည် ပြည်သူများက ဆန္ဒရှိခဲ့လျှင် အလေးအနက်ထား စဉ်းစားမည်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် NHK သတင်းဌာန၏ မေးမြန်းမှုကို ဖြေကြား

တိုကျို ဇူလိုင် ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက ယနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ မေးမြန်းရာတွင် နိုင်ငံတော်သမ္မတက ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းပြခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတအနေဖြင့် ဒုတိယသက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရန် အလားအလာနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ပါတီလုပ်ငန်းထက် အမျိုးသားနိုင်ငံရေးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် အမျိုးသားအကျိုးစီးပွားအတွက် အကောင်အထည်ဖော်နိုင်သည်များကို ပြီးပြတ်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ **ဒုတိယသက်တမ်းနှင့် ပတ်သက်ပြီး တိုင်းပြည်အခြေအနေ၊ ပြည်သူများ၏ဆန္ဒတို့အပေါ် မူတည်ပြီး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများက ဆန္ဒရှိခဲ့လျှင် အလေးအနက်ထား စဉ်းစားမည်ဖြစ်ကြောင်း** စသည်ဖြင့် ဖြေကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့☆



## အပိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာမည့် (၇)ကြိမ်မြောက် မဲခေါင် – ဂျပန် ထိပ်သီးအစည်းအဝေးကြီးမှသည် . . .

သတင်း စာမျက်နှာ » ၉

## အငြင်းပွားရေပြင်အတွင်း ကျောက်တန်းတစ်ခုအပေါ် တရုတ်နိုင်ငံ လေယာဉ်ပြေးလမ်း တည်ဆောက်မှုပြီးစီးတော့မည်ဟုဆို

သတင်း စာမျက်နှာ » ၁၂




ကြေးမုံစာတည်းရှုထောင့် ၃-၇-၂၀၁၅ [သောကြာနေ့]

# လမ်းဘေးစားသောက်ဆိုင်များ

မိမိတို့နိုင်ငံသားများသည် ဆင်းရဲချမ်းသာမရွေး အစားအစာကို ကြံ့သလို စားသောက်တတ်ကြသည့် အကျင့်ရှိကြသည်။ အထူးသဖြင့် အခြေခံလူတန်းစားများဖြစ်ကြသည်။ ပိုဆိုးသည်က လူမမယ်ကျောင်းသား ကျောင်းသူလေးများက ပါလာနေခြင်းပင်။ လမ်းဘေးဆိုင်များ၊ ကျောင်းမုန့်ဈေးတန်းများမှ အသုပ်စုံ၊ အသင့်စားမုန့်ပဲသရေစာများနှင့် သူတို့နေ့လယ်စာ၊ နံနက်စာ အဆာပြေဖြည့်ဆည်းလျက်ရှိနေကြသည်။ မြို့ပြမှ ဝန်ထမ်းများဆိုလျှင်လည်း မိမိရုံးနှင့်ဝန်းကျင်မှ လမ်းဘေးမှာရောင်းချနေကြသော ဖြစ်သလိုစားသောက်ဆိုင်များကို အားထားစားသုံး အဆင်ပြေနေကြသည်ဆိုရပါမည်။

လမ်းဘေးမှာ ယာယီခင်းကျင်းထားသော စားသောက်ဆိုင်များပီပီ နေရာထိုင်ခင်းကအစ သန့်ရှင်းရေးအပိုင်းထိ အားနည်းချက်များ အပြည့်ရှိသည်။ အားသာချက်မှာ လက်လုပ်လက်စားများ၊ အခြေခံဝန်ထမ်းများအတွက် ဈေးသက်သာစွာ ဝန်ဆောင်မှုပေးနိုင်သည်။ ထို့ကြောင့်လည်း နံနက်စာစားချိန်များတွင် စားသုံးသူတွေကြိတ်ကြိတ်တိုး လက်မလည်အောင်ရှိနေကြသည်။ တချို့လပေးစားကြပြီး လကုန်မှ ရှင်းကြသည်။ တချို့ပိုက်ဆံမပါသေးလည်းရသည်။ နောက်နေ့မှပေါင်းပေးနိုင်သည်။ အကြွေးရသည်။ ထမင်းဝိုင်းတွင် မှာထားသည့်ဟင်းများအပြင် ငါးပိရည်တို့စရာလိုသလောက် အလကားချပေးသည်။ လမ်းဘေးစားသောက်ဆိုင်များ၏ ပကာသနမပါသော စေတနာများပင်။

သို့သော် စေတနာဆိုငြားလည်း မမျှော်လင့်ဘဲ ဝေဒနာဒုက္ခဖြစ်စေနိုင်သည့် အကြောင်းရင်းများ ယခုအခါရှိလာနေပါပြီ။ ရန်ကုန်မြို့တွင်း ဒေသအသီးသီးရှိ စားသောက်ဆိုင်များမှအစားအစာများ၊ အထူးသဖြင့် အသုပ်စုံများကို နမူနာယူ၍ ဓာတ်ခွဲစစ်ဆေးရာတွင် စားသုံးသူကိုအသက်သေဆုံးစေနိုင်သည့်အဆင့်ရှိ အီကိုလိုင်ပိုးများပါဝင်နေကြောင်း ဆေးသုတေသန (အောက်မြန်မာပြည်)၏ သတင်းထုတ်ပြန်ချက်အရ သိလာရသည်။ အသုပ်စုံနမူနာ ၄၅ ခုကို စစ်ဆေးစမ်းသပ်ရာတွင် ၇၅ ရာခိုင်နှုန်းမှာ အီကိုလိုင်ပိုးများ ပါဝင်ပြီး ယင်းနမူနာများအနက် နှစ်မျိုးတွင်ပြင်းထန်သော အီကိုလိုင်နှစ်မျိုးကွဲ 0157 H7 ပိုးများပါဝင်နေပြီး ထိုပိုးကြောင့်အစာအဆိပ်သင့်မှုများကို ဖြစ်ပွားနိုင်ကာ အသက်ကိုထိ ဒုက္ခပေးနိုင်ကြောင်း သိရသည်။

ဤသို့ ဖြစ်ရခြင်းအကြောင်းရင်းသည် လမ်းဘေးတွင် ယာယီတဲထိုးလျက် ဖြစ်သလိုနှင့် ဖြစ်ကတတ်ဆန်း လုပ်ကိုင်ရောင်းချနေမှုကြောင့်ဟု ဆိုနိုင်ပါသည်။ စနစ်တကျနှင့် သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း ပုံမှန်အထိုင်ချကာ မိုးလုံလေလုံ လုံလုံခြုံခြုံနှင့်ဆိုပါလျှင် ဤကဲ့သို့သော ရောဂါပိုးများ အနားသီနိုင်မည်မဟုတ်ပါ။ မသန့်ရှင်းမှုက ရောဂါပိုးဟူသမျှ နားခိုရာဖြစ်လာနေသည်ဟု ဆို၍ရပါသည်။

လမ်းဘေးစားသောက်ဆိုင်များသည် မြို့ပြရပ်ဝန်းတွင် အခြေခံလူတန်းစားများရှိနေသမျှ စည်ကားမပျက်ရှိနေဦးမည်အမှန် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA)က ရန်ကုန်တစ်မြို့လုံးရှိ လမ်းဘေးစားသောက်ဆိုင်များကို အဆင့်မြှင့်တင်ပေးဖို့ စီစဉ်လာနေရခြင်းဖြစ်သည်။ လောလောဆယ် ရန်ကုန်မြို့တွင်း ခုနစ်မြို့နယ်ရှိ ဆိုင် ၁၇ ဆိုင်ကို ဦးစွာရွေးချယ်ပြီး ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ အစားအသောက်၊ သားငါးကိုင်တွယ်ပုံနှင့် အစားအစာများ ဘေးကင်းလုံခြုံအောင်ထားရှိရန် ပညာပေးဆွေးနွေးခြင်းများ စတင်နေပြီဖြစ်ကြောင်းသိရသည်။

ယခုမြို့နယ် ခုနစ်မြို့နယ်၊ ဆိုင် ၁၇ ဆိုင်ကို အဓိကထားလုပ်ကိုင်နေသလို နောက်လတွေမှာလည်း အခြားမြို့နယ်တွေမှာ အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်။ ဤသို့ လုပ်ဆောင်ပေးရခြင်း အဓိကအကြောင်းရင်းမှာ ရုံးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် လမ်းဘေးဆိုင်များတွင်သာ စားသောက်နေခြင်းကြောင့် ရောဂါများကို ဝယ်စားနေသလို မဖြစ်စေချင်၍ဟု ဆိုသည်။အဆင့်မြှင့်တင်ရန် ရွေးချယ်ထားသည့်ဆိုင်များကို စံနမူနာပြအဖြစ် အစားအစာ သန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေး၊ ထုပ်ပိုးသိမ်းဆည်းပုံများနှင့် ဝန်ဆောင်မှုအခြေခံသင်တန်းများမှအစ စနစ်တကျဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ မြို့ပြ၏အနာဂတ်လမ်းဘေးဆိုင်များအားလုံးသည် ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်လှပလာတော့မည်။ စားသုံးသူများအတွက် အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်လာပြီး စားသည့်အစာကြောင့် ဖြစ်တတ်သောရောဂါများမှ ကင်းဝေးဘေးကင်းလုံခြုံသွားမည် အမှန်ဖြစ်ပါသည်။ ။

# အသခ်ယာစောယွမ်း ကြေးရုပ်တုသွန်းလောင်းပြီးစီး

မန္တလေး ဇူလိုင် ၂

စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့် အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ အိုးဘိုအဝိုင်းပတ်နေရာတွင် ထားရှိသွားမည့် စစ်ကိုင်းမြို့တည် အသခ်ယာစောယွမ်း၏ ကြေးရုပ်တုသွန်းလောင်းခြင်းနှင့် အချောထည်ပြုလုပ်ခြင်း လုပ်ငန်းများကို ဇွန် ၃၀ ရက်က ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း ရုပ်တုကိုတာဝန်ယူဆောင်ရွက်သည့် မန္တလေးမြို့ တမ္ပဝတီရပ် ကြေးသွန်းတန်းရှိ "ပြည့်ဝ"ကြေးသွန်းလုပ်ငန်းမှ သိရသည်။**(ယာပုံ)**



အဆိုပါ အသခ်ယာစောယွမ်းရုပ်တုသည် အမြင့် ကိုးတောင်ရှိကာ မတ်ရပ်ဓားအိမ်မှ ဓားဆွဲထုတ်နေဟန် ကြေးညိုရောင်အမှိုင်းဖြစ်သည်။ ရုပ်တုကြီးကို ကြေးပိသာချိန် ၁၁၀၀ ခန့်အသုံးပြု၍ အပိုင်းသုံးပိုင်းခွဲကာ အချိန်ကိုးလခွဲခန့်ယူပြီး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရကြောင်း၊ ရုပ်တုကြီး၏ဟန်ပန်နှင့် ဝတ်စားဆင်ယင်မှုများကို မြန်မာမှုအနုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ထံမှ အကြံဉာဏ်များ ရယူ၍ နံရံဆေးရေးပန်းချီကားများကိုလည်း သွားရောက်လေ့လာကာ ပုံဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရုပ်တုကြီးအား သီတဂူဆရာတော် ဒေါက်တာဉာဏိဿရက ဦးစီးဦးဆောင်ပြု၍ အလှူရှင် ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးခင်မောင်မြင့်က ငွေကျပ်သိန်း ၃၅၀ အကုန်အကျခံခဲ့ခြင်းဖြစ်ပြီး ဇူလိုင်လ ပထမပတ်အတွင်း စစ်ကိုင်းမြို့ အိုးဘိုအဝိုင်းပတ်နေရာသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

"အခုလို သမိုင်းဝင်ပြီးနှစ်ရာထောင်ချီကျန်ခဲ့မယ့် ရုပ်တုကြီးတွေကို ဆောင်ရွက်ရတဲ့အခါ အကျိုးအမြတ်ထက် လက်ရာကောင်းမွန်ဖို့ကိုပဲ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းအပ်နှံသူတွေ စိတ်ကျေနပ်မှုရတဲ့အထိ ဖယောင်းပုံချောအဆင့်မှာ ပြုပြင်မှုအမျိုးမျိုးကို စိတ်ရှည်လက်ရှည်ဆောင်ရွက်ပေးခဲ့ရပါတယ်။ အောင်မြင်ကျော်ကြားခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေရဲ့ပုံတူတွေကို ဆောင်ရွက်ရတဲ့အခါ သိမီလိုက်သူများထံမှ အကြံဉာဏ်နဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာများပါ ပေါ်လွင်အောင်ဆောင်ရွက်ပေးရပါတယ်။ ဒီရုပ်တုကြီး ဆောင်ရွက်နေချိန်မှာလည်း သီတဂူဆရာတော်ကြီးကိုယ်တိုင် ဟန်ပန်နဲ့မျက်နှာအမူအရာတွေအတွက် အကြံဉာဏ်များမိန့်ကြားပေးခဲ့ပါတယ်"ဟု ပြည့်ဝကြေးသွန်းလုပ်ငန်းမှ ကိုအောင်အောင်မိုးက ပြောသည်။

ရုပ်တုကြီးအား တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် "ပြည့်ဝ"မြန်မာ့လက်မှုကြေးသွန်းအနုပညာလုပ်ငန်းသည် ပုဂံမြို့ရှိ ပျူစောထီး၊ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ကျစွာမင်း၊ ရှင်အရဟံရုပ်တုများ၊ မန္တလေးမြို့ အမျိုးသားဇာတ်ရုံရှိ နန်းတော်ရှေ့ဆရာတင်၊ လေဘာတီမမြရင်၊ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်တို့၏ရုပ်တုများ၊ ကျောက်ဆည်၊ ပုဂံနှင့် ညောင်ဦးမြို့များရှိ ဗိုလ်ချုပ်ကြေးရုပ်များ၊ ဖျာပုံမြို့မှ ဆရာဇော်ဂျီရုပ်တု၊ မန္တလေးမြို့ မြို့မတေးဂီတအသင်းတိုက်ရှိ မြို့မငြိမ်းရုပ်တုနှင့် ဆရာတော်၊ သံဃာတော်များ၏ ပုံတူ ရုပ်တုပေါင်းများစွာကို တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂**

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | ၇၃၄၆၀၀ | - | ၇၃၅၈၀၀ |
| **မန္တလေး** | **ရွှေဈေး** | ၇၃၄၃၀၀ | - | ၇၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၂၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၃၆. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၈၀. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၃. ၁၀၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇. ၀၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၆၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၈. ၁၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၆၆၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၅၆. ၀၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၈. ၁၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




## ဆံကေသာအလှမယ်ပြိုင်ပွဲကျင်းပ

မုံရွာ ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆံကေသာ အလှမယ်ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၃၀ ရက်က ကျင်းပရာ ခရိုင်အလိုက် ကိုယ်စားပြု ဆံကေသာအလှမယ် ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး တိုင်းရင်းသား မောင်မယ် ၁၆ ဦးက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုလည်းကောင်း၊ အနုပညာအသင်းမှ အသင်းသား၊ အသင်းသူများက တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက ဆံကေသာအလှမယ်ပြိုင်ပွဲ ဆုရရှိသူများ၊ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာပညာရေးကောလိပ်တို့မှ အနုပညာအသင်းများ၊ မိတ်ကပ်ပညာရှင်များ၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

HTOO Car Rental
PH: 0973053123, 09799990823

## အလုပ်လျှောက်လွှာခေါ်ယူခြင်း
### (ပြည်တွင်း၌သာခန့်ထားရန်)

နေပြည်တော်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် တာဝန်ထမ်းဆောင်ရန်အတွက် လက်ထောက်ဆရာဝန်(၃) ဦး လိုအပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။ လိုအပ်သောအရည်အချင်းမှာ မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ ဆေးပညာဘွဲ့ရရှိပြီး ဆရာဝန်မှတ်ပုံတင်(ဆမ) ရရှိသူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက် ပြည့်စုံစွာရေးသားထားသော ကိုယ်ရေးလျှောက်လွှာ (လိုင်စင်ဓာတ်ပုံအပါ)၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ ပညာအရည်အချင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲလျက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၁၀-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှု အခြေအနေအသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်-ဖုန်း-၀၆၇-၄၁၃၀၁၁၊ ၀၆၇-၄၁၃၀၁၂
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## ပြင်ဆင်ဖတ်ရှုပါရန်

ယနေ့ထုတ်သတင်းစာကြော်ငြာ စာမျက်နှာ ၂၈ ပါ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန စိစစ်ရေးမှူး-၂ ရာထူး၊ ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက် ၁၈-၇-၂၀၁၅ ရက်(စနေနေ့)အစား ၁၉-၇-၂၀၁၅ ရက်(တနင်္ဂနွေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/မြောက်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊မြေကွက်အမှတ်(၉၉၄)၊မြေကွက်တည်နေရာအမှတ်(၉၉၄)၊အောင်မေတ္တာလမ်း၊(၂၉)ရပ်ကွက်ဦးမောင်ဦး(ACဝ၁၅၂၈၇)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးမောင်ဦး(ဖခင်)နှင့်မိခင်ဒေါ်စန်းနုတို့ကွယ်လွန်သဖြင့် ဒေါ်ချိုချိုဦး(၁၂/ဒဂန(နိုင်)၀၁၅၃၄၆)၊ဦးထွန်းဦး(၁၂/မရက(နိုင်)၀၀၆၂၃၃)တို့ကသားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၉-၁-၁၅ နှင့်မိခင်ဖခင်သေစာရင်းများတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာဤဌာနသို့ခိုင်လုံသောအထောက်အထားများတင်ပြ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါကဤဌာန၏လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိ (၇)ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်မည်



**တိုကျို ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးဟံစိန်၊ ဦးဆက်အောင်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကိုကိုနိုင်နှင့် တာဝန်ရှိသူများသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၈ မိနစ်တွင် တိုကျိုမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဂျပန်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး ယာယီတာဝန်ခံ သံမှူးကြီး ဦးဝင်းအောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများက Haneda လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Hotel New Otani သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**




**☆ရွှေဖုံးမှ**

သမ္မတဒုတိယသက်တမ်းအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် နိုင်ငံတော်သမ္မတက မည်သူတာဝန်ယူသည်ဖြစ်စေ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရန်၊ မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(LDC)အဖြစ်မှ လွတ်မြောက်ရန်နှင့် မြန်မာနိုင်ငံကို တစ်ဦးချင်း ဝင်ငွေအလယ်အလတ်အဆင့်ရှိ နိုင်ငံအဖြစ်သို့ ရောက်ရှိစေရန်တို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်းစသည်ဖြင့် ဖြေကြားခဲ့သည်။

ဂျပန်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် ၁၂ တွင်သာ ရှိနေသဖြင့် အခြေခံအဆောက်အအုံ၊ စက်မှု၊ လျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံစေလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင်လည်း ပိုမိုရင်းနှီးမြှုပ်နှံစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီများကိစ္စဖြေရှင်းရာတွင် ဂျပန်နိုင်ငံက အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၉)ရက်မြောက်နေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိပြီး**(ယာပုံ)** ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ ကို ဆက်လက်ရောင်းချမည်ဟု သိရသည်။

ယနေ့တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ အကြိမ်(၂၀)နှင့်အထက် ဆက်တိုက်တက်ရောက်ခဲ့ကြသော ရတနာကုန်သည်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ အကြိမ်(၂၀)မြောက် ဆက်တိုက်တက်ရောက်ခဲ့သော မစ္စတာ ရန်ချင်းကန်နှင့် (၂၅) ကြိမ်ဆက်တိုက် တက်ရောက်ခဲ့သော မစ္စတာ ယမ်ဖိန့်ဝေါင်တို့အား မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဝင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရုံးမူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် (၃၅)ကြိမ်ဆက်တိုက်တက်ရောက်ခဲ့သော မစ္စတာ ဝေါင်ကောက်မင်းအား မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**



●ကျောဖုံးမှ

အားကစားပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာ ဆရာမကြီးများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတက တွေ့ဆုံမှာကြားရာတွင် အဓိက လာရောက်သည့်ကိစ္စမှာ မကွေးတိုင်းဒေသကြီး၏ အသက်(၅)နှစ်အောက် ကလေးနှင့်မိခင်သေဆုံးမှု ကျဆင်းရေးအတွက် လာရောက်ခြင်းဖြစ်ပြီး မကွေးမြို့သို့ရောက်ရှိခိုက် မကွေးတိုင်းဒေသကြီး၏ ပညာရေးနှင့် သက်ဆိုင်သည့် လိုအပ်ချက်များအား ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရန်လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပညာရေးဆိုသည်မှာ သင်ကြားခြင်း၊ သင်ယူခြင်း၊ သင်တန်းပေးခြင်း စသည့်လုပ်ငန်းစဉ်မှတစ်ဆင့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရရှိလာခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပညာရေးတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကဏ္ဍအနက် အခြေခံပညာ၏ အတန်းများသည် သူငယ်တန်း + ၁၀ တန်းဖြစ်ပြီး (၁၁)နှစ်သင်ယူရသည့်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်အချိန်တွင် အသက်(၁၆)နှစ်သာ ရှိပါကြောင်း၊ နိုင်ငံတကာအနေဖြင့် ယင်းအသက်သည် ငယ်ရွယ်သေးပြီး ဦးနှောက်ပိုင်းဆိုင်ရာတွင်လည်း နုနယ်သေးသည့် အချိန်ဖြစ်သည်ဟု သုံးသပ်မှုများရှိပါကြောင်း၊ ထို့ကြောင့် သူငယ်တန်း + ၁၂ တန်း သင်ကြားရန် အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းလျာထားပါကြောင်း။

ပညာသင်ယူမှုအပိုင်းတွင် အရည်အသွေးသည် အဓိကဖြစ်သကဲ့သို့ အရေအတွက်ပိုင်းသည်လည်း အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံရှိ အဆင့်မြင့်ပညာနှင့် အခြေခံပညာတွင် သင်ယူနေသည့် ကျောင်းသားစုစုပေါင်း ကိုးသန်းဝန်းကျင်ခန့်သည် အရည်အသွေးပြည့်မီရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်မီမှသာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်သည် ဝန်ကြီးဌာနအသုံးစရိတ်အားလုံး၏ အဆင့် ၅ နေရာတွင် ရှိပါကြောင်း၊ အရည်အသွေးပိုင်း၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမ၏ အရည်အသွေး ပြည့်ဝမှသာ သင်ယူကြသည့်ကျောင်းသား ကျောင်းသူများ အရည်အသွေးပြည့်မီနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ အနေဖြင့် မိမိတို့၏ အရည်အသွေးကို အမြဲမြှင့်တင်ကြရန် လိုအပ်ပါကြောင်း၊ သင်ကြားမှုအပိုင်းတွင် လက်တွေ့အသုံးချနိုင်သည့်အဆင့်အထိရောက်အောင် သင်ကြားသည့် သင်ကြားမှုမျိုးဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နောင်တစ်ချိန်တွင် မျိုးဆက်သစ်များက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအပြင် ပုဂ္ဂလိက အခန်းကဏ္ဍများ ပြုပြင်ပြောင်းလဲမှုကိုပါ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ တိုးတက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ ပေါ်ထွက်လာပြီး အစိုးရကျောင်းများနှင့် ယှဉ်ပြိုင်လာသည့်အခါတွင် တိုးတက်မှုများရရှိလာမည် ဖြစ်ပါကြောင်း။



ကလေးဗဟိုပြုသင်ကြားနည်းစနစ်ဖြစ်သော်လည်း သင်ကြားမှုတွင် ဆရာ ဆရာမများ၏ ခံယူချက်မပြောင်းပါက ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအပိုင်းသည်လည်း တိုးတက်လာမည်မဟုတ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်များက အင်တိုက်အားတိုက်ပါဝင်ပြီး တက်ညီလက်ညီ ဆောင်ရွက်မည်ဆိုပါက သင်ကြားမှု သင်ယူမှုအပိုင်းသည် ယခုထက်ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ် အသီးသီးတွင်လည်း မိမိဘာသာ လွတ်လပ်စွာ အုပ်ချုပ်သင်ကြားပေးနိုင်သည့် အခြေအနေမျိုးဖြစ်အောင် လမ်းဖွင့်ပေးနေပါကြောင်း၊ အလားတူ အရည်အသွေးပြည့်မီသည့် ပညာရေးဖြစ်အောင်လည်း ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အောင်မြင်အောင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် ချေးငွေသစ်သဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် ချေးငွေသစ်သဘောတူညီမှုစာချုပ်ကို United Overseas Bank Group(UOB) နှင့် Cycle& Carriage Automobile Myanmar Company တို့လက်မှတ်ရေးထိုးခဲ့ကြောင်း ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သည့်UOB ရုံးခန်း ဖွင့်လှစ်ခြင်းအခမ်းအနားမှ သိရသည်။

UOB အုပ်စု၏ ဒုတိယဥက္ကဋ္ဌ MR.WeeEe Cheong က " UOB အနေဖြင့် အခြေခံအဆောက်အအုံတည်ဆောက်မှု၊ကုန်ထုတ်လုပ်မှုနဲ့ ခရီးသွားလုပ်ငန်းအပါအဝင် မြန်မာနိုင်ငံရဲ့ အကျိုးသက်ရောက်မှုအားကောင်းပြီး ရေရှည်အကျိုးဖြစ်ထွန်းစေတဲ့ နယ်ပယ်တွေမှာ ပါဝင်ကူညီပံ့ပိုးသွားဖို့ စိတ်အားထက်သန်နေပါတယ်"ဟု ပြောသည်။

ယနေ့ရေးထိုးလိုက်သော ချေးငွေအသစ်သဘောတူညီမှုများ အပြင် UOB အနေဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကိုလည်း လိုအပ်သောချေးငွေများ ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

ထို့ပြင် UOB အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာနှင့်ဒေသတွင်းကုမ္ပဏီများအား ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

လာမည့် ၁၂ လအတွင်း ဥရောပနှင့် အာရှဒေသတွင်အခြေစိုက်သည့် စီးပွားရေးလုပ်ငန်းရှင်များအား စက်ရုံတည်ဆောက်ခြင်း၊ ဟိုတယ်များ တည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံများ တည်ဆောက်ခြင်းတို့တွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ဆောင်ရန် အဓိကပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

UOB ရန်ကုန်ရုံးခွဲသည် မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ငန်းများချဲ့ထွင်လာသော ဒေသတွင်းနှင့် နိုင်ငံတကာမှ ကုမ္ပဏီများအား အသင်းအဖွဲ့ဆိုင်ရာချေးငွေများ၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးထောက်ပံ့မှုများ၊လိုအပ်သောအရင်းအနှီးချေးငွေများ နှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။အဆိုပါ UOB သည် ဘဏ်လုပ်ငန်းကွန်ရက်ဖြန့်ကြက်ထားရှိပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော ထိုင်းနိုင်ငံတစ်ခုတည်းမှာပင် ရုံးခွဲပေါင်း ၁၅၆ ခုဖွင့်လှစ်ထားသည့်အပြင် အာရှဒေသအတွင်း စီးပွားရေးလုပ်ငန်းများချဲ့ထွင်ခဲ့သော ကုမ္ပဏီ ၅၀၀ ထက်မနည်းကို လိုအပ်သော ကူညီမှုများဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါအခမ်းအနားမှသိရသည်။

UOB ရန်ကုန်ရုံးခွဲတရားဝင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တိုချီဟန်း၊ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။




**သတင်းနှင့်ဓာတ်ပုံ-သီသီမင်း**

○လက်ရှိချန်ပီယံမှ

သမိုင်းကြောင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး ကြိုးစားခဲ့သော်လည်း အင်္ဂလန်အမျိုးသမီးအသင်းအတွက် ကမ္ဘာ့ဖလားဗိုလ်လုပွဲအိပ်မက်မှာ ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

အင်္ဂလန်အမျိုးသမီးအသင်းနှင့် ဂျပန်အမျိုးသမီးအသင်းတို့၏ အမျိုးသမီးကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဂျပန်အမျိုးသမီးအသင်းသည် ပွဲကစားချိန် ၃၂ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီအား မီယာမာက အင်္ဂလန် အမျိုးသမီးအသင်းဂိုးသမား ဘတ်စလေ၏ ညာဘက်ထောင့်ကို သွင်းယူကာ ဂျပန်အမျိုးသမီးအသင်းအတွက် အဖွင့်ဂိုးစတင်ရရှိစေခဲ့သည်။

ထိုသို့ ဂျပန်အမျိုးသမီးအသင်း ဦးဆောင်ဂိုးရရှိပြီး ရှစ်မိနစ်အကြာ ပွဲကစားချိန် မိနစ် ၄၀ တွင် ဝီလီယံက အင်္ဂလန်အမျိုးသမီးအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံးသည် အသင်းကောင်းများဖြစ်သည်နှင့်အညီ ပွဲချိန်တစ်လျှောက်လုံး အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲကစားချိန် မိနစ် ၉၀ တွင် အင်္ဂလန်နောက်ခံကစားသမား ဘက်ဆက်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ခြင်းကြောင့် ဂျပန်အမျိုးသမီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်အမျိုးသမီးအသင်းသည် တတိယနေရာလုပွဲအဖြစ် ဂျာမနီအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ဂျပန်အမျိုးသမီးအသင်းမှာမူ ဂျာမနီအမျိုးသမီးအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် အမေရိကန်အမျိုးသမီးအသင်းနှင့် နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂျပန်အမျိုးသမီးအသင်းနှင့် အမေရိကန်အမျိုးသမီးအသင်းတို့သည် ၂၀၁၁ ခုနှစ်ကလည်း အမျိုးသမီးကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် တစ်ကြိမ်ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဆိုပါတွေ့ဆုံမှုတွင် ဂျပန်အမျိုးသမီးအသင်းက အမေရိကန်အမျိုးသမီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ အမျိုးသမီး ကမ္ဘာ့ဖလားချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် အမေရိကန်အမျိုးသမီးအသင်းအနေဖြင့် ၂၀၁၁ ရှုံးကွေးကို ပြန်ဆပ်နိုင်မည်လား သို့မဟုတ် ဂျပန်အမျိုးသမီးအသင်းက အမေရိကန်အမျိုးသမီးအသင်းကို ထပ်မံအနိုင်ယူသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ဂျပန်အမျိုးသမီးအသင်းနှင့် အမေရိကန်အမျိုးသမီးအသင်းတို့ ၂၀၁၁ ခုနှစ် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာတွင် ဂျပန်အမျိုးသမီးအသင်းက အမေရိကန်အမျိုးသမီးအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျာမနီအမျိုးသမီးအသင်းနှင့် အင်္ဂလန်အမျိုးသမီးအသင်းတို့၏ တတိယလုပွဲကို ဇူလိုင် ၄ ရက်တွင် လည်းကောင်း၊ ဂျပန်အမျိုးသမီးအသင်းနှင့် အမေရိကန်အမျိုးသမီးအသင်းတို့၏ အမျိုးသမီးကမ္ဘာ့ဖလား နောက်ဆုံး ဗိုလ်လုပွဲကို ဇူလိုင် ၅ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် အမေရိကန်နိုင်ငံ၏(၂၃၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**ရန်ကုန် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ အမေရိကန် သံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် အမေရိကန်နိုင်ငံ၏ (၂၃၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် နှစ်နိုင်ငံ နိုင်ငံတော်အလံများကို အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအား အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



# အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်ထားဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂**

သင်ကြားပေးလိုက်သည့် ပညာရပ်များကို အမှန်တကယ် တတ်ကျွမ်းအောင်သင်ယူသွားကြပြီး လက်တွေ့နယ်ပယ်တွင် ပကတိအခြေအနေနှင့် ယှဉ်တွဲအသုံးချရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီတွင် ကလောတပ်နယ်ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့် တပ်နယ်မှ အရာရှိများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့် ကလောတပ်နယ်မှ အရာရှိများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ကြောင်း၊ ယခု နိုင်ငံတကာစံချိန်မီသော Standard Army ဖြစ်အောင် ဆက်လက်တည်ဆောက်နေကြောင်း၊ မိမိတွင်ရှိသည့် လူ၊ လက်နက်အင်အားကို မိမိ၏မြော်မြင်တွေးခေါ်မှုဖြင့် သေချာစွာစီမံခန့်ခွဲပြီး စစ်နိုင်အောင်တိုက်နိုင်သည့် စွမ်းရည်သည် တိုက်စွမ်းရည်ပင်ဖြစ်ကြောင်း၊ လက်ရှိထက်အရေအတွက်၊ အရည်အသွေး ပိုမိုကောင်းမွန်သည့် စစ်လက်နက်ပစ္စည်းများ ဖြည့်ဆည်းတပ်ဆင်နိုင်ခြင်းဖြင့် တိုက်စွမ်းအားကို ရရှိစေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားအရာရှိကြီးများအတွက် ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ထုပ်များကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းက အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံခုတင်(၇၀၀)သို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များအား တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများ မေးမြန်းကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး**(ဝဲပုံ)** စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ **(မြဝတီ)**

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၂**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၇ ဒသမ ၇၂ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၀၉ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ နေပြည်တော်(ဇမ္ဗူသီရိမြို့နယ်)တွင် ၁ ဒသမ ၉၃ လက်မနှင့် ခန္တီးမြို့တွင် ၁ ဒသမ ၇၀ လက်မတို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

### ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြထားသော နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိသတင်း ဒုတိယစာကြောင်းတွင် ၂၀၁၅ ခုနှစ်၊ **“ဇူလိုင်လ ၇ ရက်”** အစား **“ဇူလိုင်လ ၁ ရက်”**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**




ဇူလိုင် ၂ ရက် ညနေပိုင်းက ရွာသွန်းခဲ့သော မိုးရေများကြောင့် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်တွင် ရေများပြည့်လျှံနေသည်ကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-ဖိုးခွား)

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ

မိမိ၏အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ

အချက်အလက် မှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ

မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ

# ပြည်သူကရွေးတာကို လက်ခုပ်တီးကြိုဆို

**မဲ(၄) ကြိမ်ပေးခဲ့ဖူးသည့် အတွေ့အကြုံ**

စာရေးသူသည် ဘဝသက်တမ်းတစ်လျှောက် မဲပေးခွင့် လေးကြိမ်ကြုံတွေ့ခဲ့ရပြီး ယခုအခါ အသက်အရွယ်အားဖြင့် (၅၀)တန်းသို့ ရောက်ရှိနေပြီဖြစ်သည့် ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ရာ၌ ဆန္ဒမဲပေးခဲ့မှု မပါဝင်ပါက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအနေဖြင့် ၁၉၉၀ ပြည့်နှစ်က တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်ကတစ်ကြိမ်၊ ၂၀၁၂ ခုနှစ်က ကြားဖြတ်ရွေးကောက်ပွဲအဖြစ်တစ်ကြိမ် မဲပေးခဲ့ဖူးသည့် အတွေ့အကြုံရှိသူဖြစ်ပါသည်။

မဲပေးခွင့်ကြုံခဲ့ရသည့်အခါတိုင်းလည်း အခွင့်အရေးကို လက်လွတ်မခံဘဲ နိုင်ငံသားတစ်ဦး၏ အသိစိတ်အပြည့်ဖြင့် တက်တက်ကြွကြွမဲပေးခဲ့ပါသည်။ မဲပေးခွင့်ရသည့်အခါတိုင်းလည်း မည်သည့်ဖိအားမှမပါ၊ မည်သည့်ခြိမ်းခြောက်မှုမှ မရှိ၊ မည်သည့် အတင်းအကျပ်စေခိုင်းမှုမျိုးကိုမှမခံရဘဲ မိမိဆန္ဒနှင့်အညီ လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်ရှိခဲ့ပါသည်။

ယခု တွေ့ကြုံရမည့် ရွေးကောက်ပွဲတွင်လည်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရေးအတွက် အသည်းကြားမှ မဲတစ်ပြားကို တန်ဖိုးထား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မဲပေးဦးမည်သာဖြစ်ပါသည်။

**အားလုံးပူးပေါင်းပါဝင်သည့်၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ**

မိမိ၏အတွေ့အကြုံများအရ မကြာမတင်တွင် ဆောင်ရွက်တော့မည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၏ အားသွန်ကြိုးပမ်းမှု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာတို့၏ စိတ်ဝင်တစားဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ မဲပေးခွင့်ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများကို အသိပညာပေးနှိုးဆော်မှုများမှာ ယခင်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ရွေးကောက်ပွဲများထက် ပိုမိုအသက်ဝင် ရှင်သန်တက်ကြွနေသည်ဟု ခံစားမိပါသည်။

မဲစာရင်းကြိုတင်ထုတ်ပြန်ခြင်းများတွင် ကွဲလွဲနေသည်များအား အကျယ်တဝင့်ဖော်ပြကြသလို မဲစာရင်းအမှန်ရရှိရေးအတွက်သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်၏ ကြိုးစားအားထုတ် လုပ်ဆောင်နေမှုများကိုလည်း မြင်တွေ့ကြားသိနေရပါသည်။

**မဲပေးခွင့်သည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင်ပုဒ်မ (၃၉၂) ၌ ပြဋ္ဌာန်းထားသည့် အောက်ပါပုဂ္ဂိုလ်များမှလွဲ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်သည့် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိမည် ဖြစ်ပါသည်-

(က) သာသနာ့ဝန်ထမ်းများ၊
(ခ) ထောင်ဒဏ်ကျခံနေရသူများ၊
(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ။

သို့ဖြစ်ရာ ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်ဖြစ်ပြီး အခြေခံတာဝန်တစ်ရပ်လည်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

**မဲစာရင်းတွင်ပါဝင်မှ မဲပေးနိုင်မည်**

နိုင်ငံသားတစ်ဦး၏ မွေးရာပါအခွင့်အရေးဖြစ်သည့် မိမိယုံကြည်ရာ၊ မိမိနှစ်သက်ရာ၊ မိမိလိုလားရာပါတီနှင့် လူပုဂ္ဂိုလ်များကို အနှောင်အဖွဲ့ကင်းကင်း လွတ်လပ်စွာ ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ရမည်ဖြစ်ပါသည်။ ထိုသို့ မဲပေးခွင့်ရရန်အတွက် အဓိက အရေးကြီးဆုံးအချက်မှာ မဲပေးခွင့်ရရှိသူစာရင်း၌ ပါဝင်ရေးပင်ဖြစ်ပါသည်။



ဇွန် ၂၃ ရက်က ကျောက်ဖြူမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရာ လာရောက်ကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။ ကျောက်ဖြူ(ပြန်/ဆက်)

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် အခြေခံအကျဆုံး လုပ်ငန်းစဉ်ဖြစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်းကို နိုင်ငံတစ်ဝန်း ထုတ်ပြန်ပေးလျက်ရှိပါသည်။

**အခြေခံမဲစာရင်းသည် အတည်ပြုမဲစာရင်းမဟုတ်**

ဤနေရာတွင် မိမိတို့သတိပြုရမည်မှာ ယခုထုတ်ပြန်ပေးလျက်ရှိသည့် အခြေခံမဲစာရင်းသည် ပဏာမပြုစုထားခြင်းသာဖြစ်ပြီး အတည်ပြုမဲစာရင်းများမဟုတ်သေးဟူသည့် အချက်ပင်ဖြစ်ပါသည်။ တာဝန်ရှိသူများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ မြို့နယ်အလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက် ဒေသခံပြည်သူများ၏အကူအညီကို ရယူဆောင်ရွက်ပြုစုထားသည့် အခြေခံမဲစာရင်းမှာ ကောက်ယူသူ၏အမှား၊ မှတ်တမ်းတင်သူ၏အလွဲ၊ စာရင်းဖြည့်သွင်းသူ၏ အားနည်းမှုများနှင့်အတူ အဆင့်ဆင့်မှတ်တမ်းပြုစုရာတွင်လည်း လူကြောင့်ဖြစ်စေ၊ စက်ကြောင့်ဖြစ်စေ ဖြစ်ရသောချို့ယွင်းမှုများ မလွဲမသွေရှိနေမည်သာဖြစ်ပါသည်။ ထို့ကြောင့်လည်း အမှားကို ပြင်ဆင်နိုင်စေရန် လုံလောက်သောပြင်ဆင်ချိန်ပေးထားပါသည်။ ပြင်ဆင်မှုကို ရိုးရှင်းလွယ်ကူစွာဆောင်ရွက်နိုင်စေရန်လည်း စီမံပေးထားပါသည်။ အချိန်နှင့်တစ်ပြေးညီ ပြင်လည်းပြင်ပေးနေပါသည်။

ထိုသို့ဆောင်ရွက်နေခြင်းများ၏ အနှစ်သာရမှာ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရရေးပင်ဖြစ်ပါ၏။

**လစ်ဟာနေသော ကွက်လပ်လေးများ**

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က အခြေခံမဲစာရင်းကို ထုတ်ပြန်၊ မီဒီယာများက တွေ့ရှိရသည့်အားနည်းချက်၊ အားသာချက်များကို ထုတ်ဖော်၊ နိုင်ငံတော်အစိုးရက အသိပညာပေးနှိုးဆော်မှုများကို တွင်တွင်လုပ်ဆောင်နေကြသော်လည်း အဓိကဇာတ်ကောင်ဖြစ်သည့် ပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုမှာ ယနေ့အထိ အားနည်းနေသေးသည်ဟု ရိုးရှင်းစွာရှုမြင်မိပါသည်။

သွားသုတ်သုတ်၊ လာသုတ်သုတ် နေ့စဉ်လူမှုစီးပွားဘဝကြားဝယ် မဲစာရင်းတွင် ကိုယ်ပါ/မပါ မကြည့်နိုင်ကြသူများ၊ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးနှင့် ရပိုင်ခွင့်ကို စိတ်ဝင်စားမှုမရှိ၍ မေ့လျော့နေကြသူများ၊ နိုင်ငံ့အရေးကို မိမိအရေးဟုမခံယူကြသူများ ဖြစ်နေကြပြီလားဟူသော အတွေးနှင့် စိတ်မကောင်းဖြစ်ရပါသည်။

အမှန်စင်စစ် နိုင်ငံသားပြည်သူများသာလျှင် မိမိနိုင်ငံ၏ အရေးအရာကံကြမ္မာကို ဖန်တီးပေးနိုင်သည့် အဓိကဇာတ်ကောင်များဖြစ်ပါသည်။ ယခုအချိန်သည် အဓိကဇာတ်ကောင်ဖြစ်သော ပြည်သူများက အရေးကြီးသော ဇာတ်ဝင်ခန်းကို အကောင်းမွန်ဆုံးသော သရုပ်ဆောင်ချက်ဖြင့် ပါဝင်ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါ၏။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေမှုတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မက တန်ဖိုးရှိသည့် နိုင်ငံနှင့် လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ပြည့်သူရဲကောင်းများကို ဆန္ဒမဲပြုခြင်းဖြင့် ရွေးချယ်ပေးကြစေလိုပါသည်။

**အမှားကိုမြင် အမှန်ပြင်၊ ကျန်လျှင် ထောက်ပြ ဖေးကူမ**

မိမိအမြင်အရ ယနေ့လိုကာလမျိုးသည် သူ့အပြစ်မြင်၊ ကိုယ့်အပြစ်ပြောဖြင့် အမြင်မကြည်လင်မှုများအပေါ် အခြေခံကာ သံသယတောမှာ နစ်မွန်းနေရမည့် အချိန်မဟုတ်တော့ပါ။ သက်ဆိုင်ရာတို့၏ အခြေခံမဲစာရင်း ထုတ်ပြန်မှုတွင် ကွဲလွဲနေမှုများ၊ လွဲမှားနေမှုများကို အချိန်မီပြင်ဆင်၍ အတတ်နိုင်ဆုံးမှန်ကန်တိကျသော မဲစာရင်းရရှိစေရေးအတွက် တာဝန်ရှိသူ၊ တာဝန်သိသူ၊ တာဝန်ယူလိုသူ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအသီးသီးတို့မှ အမျိုးသားရေးတာဝန်အဖြစ် ရေကုန်ရေခန်းကြိုးပမ်းကြရမည့်ကာလကြီးတစ်ခုဟု ရှုမြင်မိပါသည်။

- မဲစာရင်းမကြည့်ရသေးသည့် ပြည်သူများကို မဲစာရင်းကြည့်ဖြစ်အောင် နည်းလမ်းမျိုးစုံဖြင့် ကူညီပေးသင့်ပါသည်။
- သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်အပေါ် စေတနာထပ်၍ အလေးအမြတ်ဝန်ဆောင်မှုများပေးရန် မလွဲမသွေလိုအပ်ပါသည်။
- အဖွဲ့အစည်းအသီးသီးတို့၏ မှန်ကန်ဖြောင့်မတ်သော လုပ်ရပ်များကို အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးသင့်ပါသည်။

**ကမ္ဘာမှာ မြန်မာ**

မိမိတို့မြန်မာလူမျိုးများသည် ကမ္ဘာပေါ်တွင် သူတစ်ပါးအား ကူညီတတ်သူများဟူသည့် ပုံရိပ်ကောင်းကို ရရှိထားသူများဖြစ်ပါသည်။ နိုင်ငံနှင့်အဝှမ်းတွင် တစ်ပိုင်တစ်နိုင်အစုအဖွဲ့လေးများမှသည် စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းကြီးများအထိ ပြည်သူ့အကျိုး သယ်ပိုးသော၊ ပရဟိတလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများစွာရှိနေကြပါသည်။ ယင်းအဖွဲ့အစည်းများ၏ ပြည်သူလူထုကို ကူညီပံ့ပိုးပေးနေမှုများကို နေရာအနှံ့တွင် နေ့စဉ်နှင့်အမျှ ကြားသိနေရပါသည်။

ထိုထိုသော အဖွဲ့အစည်းများ အနေဖြင့်လည်း မှန်ကန်သော မဲစာရင်းရရှိရေးအတွက် လိုနေသော ကွက်လပ်များကို အချိန်မီဖြည့်ဆည်းပေးနိုင်ကြမည်ဆိုပါလျှင် ပိုမိုထိရောက်အောင်မြင်သည့် ရလဒ်ကောင်းများ ရရှိမည်ဟု အကြွင်းမဲ့ယုံကြည်မိပါသည်။

**ပြည်သူကရွေးတာကို လက်ခုပ်တီးကြိုဆိုရမည့်ခေတ်**

ယခုအချိန်အခါသည် ဒီမိုကရေစီခေတ်. . ။

ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို အားသွန်ကြိုးပမ်းလုပ်ဆောင်ရမည့်ကာလဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ခွင့်သည် မိမိတို့ပြည်သူများ၏ လက်ဝယ်အသင့်ရှိနေပြီဖြစ်ပါသည်။ ဤသို့သော အခွင့်အခါကောင်းကို မည်သည့်နည်းနှင့်မျှ လက်လွတ်မခံသင့်ပါ။

မိမိတို့ကိုယ်တိုင် ဆန္ဒပြုရွေးချယ်သော ပြည်သူ့ကိုယ်စားလှယ်လောင်းကြီးများကို လက်ခုပ်တီးကြိုဆိုဂုဏ်ပြုရပါမည်။

**အို. . ညီဆွေနောင်ဖွား တိုင်းရင်းသားတို့**
**မဲပေးပိုင်ခွင့် မဆုံးရှုံးရစေဖို့**
**အားလုံးပါဝင် ပူးပေါင်းလုပ်ဆောင်ကြပါစို့။ ။**

ဝေယံမောင်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ) နှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁၊ ၂ နှင့် စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်သို့တင်ပြသည်။

ထို့ပြင် အစည်းအဝေးတွင် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။



ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး။



မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး**က ပြည်သူတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် စနစ်နှင့်အညီ လိုအပ်သလို ပြင်ဆင်ရသည့် သဘောသဘာဝလည်းရှိပါကြောင်း၊ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များကို အခြေအနေ၊ အချိန်အခါနှင့်အညီ ပြည်သူတို့၏ မျှော်လင့်တောင်းဆိုမှုကို အလေးအနက်ပြုပြီး ပြင်ဆင်ပေးခြင်းဖြင့် သမိုင်းကောင်း ကမ္ပည်းကျောက်စာတိုင်ကို အခိုင်အမာစိုက်ထူကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် ပါတီနိုင်ငံရေးဆိုသည်မှာ ခွဲခြားမရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ အခန်း(၁) အခြေခံမူများ ပုဒ်မ ၆(ဃ)တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရမည်ဟု အတိအလင်းပြဋ္ဌာန်းထားသကဲ့သို့ အခန်း(၁၀) နိုင်ငံရေးပါတီများ အခန်း၏ ပုဒ်မ ၄၀၅(က)တွင်လည်း နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ပါတီစုံ ဒီမိုကရေစီစနစ် ဖော်ဆောင်ရန် နိုင်ငံရေးပါတီများ အားကောင်းမောင်းသန်ဖြစ်ရန် အထူးလိုအပ်လှပါကြောင်း၊ နိုင်ငံရေးပါတီများကသာလျှင် နိုင်ငံတော်ကို ဦးဆောင်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး၏ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ကြမည်ဖြစ်၍ အမျိုးသားနိုင်ငံရေးနှင့် ပါတီနိုင်ငံရေးကို ခွဲခြားပြောဆိုနေခြင်းသည် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ခေတ်စနစ်အရ ဆီလျော်မှုမရှိပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

**မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်**က အနာဂတ်ဒီမိုကရေစီ ပြည်ထောင်စုအုတ်မြစ်ချသည့်နေရာတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုသည့် မူဘောင်များ မရှိဘဲ အကောင်အထည်ဖော်ဆောင်နိုင်ရန် လုံးဝမဖြစ်နိုင်ပါကြောင်း၊ ဒီမိုကရေစီစံနှုန်းဆိုသည့်နေရာတွင် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့်စံနှုန်းကို စဉ်းစားပေးရန် လိုအပ်သည်ကို လက်ခံပါကြောင်း၊ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရာတွင် ပီပီပြင်ပြင် ပြောင်းလဲမှသာ ပြည်တွင်းပြည်ပမှလည်း ယုံကြည်စိတ်ချသည့် နိုင်ငံရေးအခင်းအကျင်းကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာက စောင့်ကြည့်ခြင်းခံနေရသည့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ပြန်လည်ဦးမော့လာနိုင်ရန် အလားအလာဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကြီးသည် ပြည်သူတို့ ယုံကြည်ကိုးစားအားထားရလောက်သော လွှတ်တော်တစ်ရပ်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးအတွက် မားမားမတ်မတ် ရှိနေရမည်ဖြစ်ပြီး ပြည်သူအကျိုးအတွက် ပြင်ဆင်သင့်သည်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖြစ်စေရန် ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး**က မိမိတို့နိုင်ငံ၌ ဒီမိုကရက်တိုက်ဇေရှင်းကို တဖြည်းဖြည်းချင်း အချိန်ယူပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသက်တမ်းနုနယ်ပြီး စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးခြင်း၊ နိုင်ငံ၏နေအင်အားမှာ တစ်ခုတည်းသော အရင်းအမြစ်အပေါ်တွင်သာ အမှီပြုနေရခြင်း၊ အမှတ်အသားသရုပ်ဆိုင်ရာ အကွဲအပြားများရှိနေခြင်း၊ ဗဟုဝါဒ အတွေ့အကြုံပါးလွှာခြင်းနှင့် ဒီမိုကရက်တစ်မဟုတ်သော အိမ်နီးချင်းများ ရှိနေခြင်း၊ ပြည်တွင်းပဋိပက္ခများရှိနေခြင်းတို့ကြောင့် အခြေခံဥပဒေပြင်ဆင်ရေး၌ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များကို ပြင်ဆင်ပြီး အချို့ပုဒ်မများကို အချိန်ယူရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးက အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဝဇီရာရုပ်ရှင်ရုံအား ပြုပြင်ထိန်းသိမ်းပြီး Red Carpet Theatre အဖြစ် ဆောင်ရွက်ရန်စီစဉ်

**ရန်ကုန် ဇူလိုင် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဝဇီရာရုပ်ရှင်ရုံအား Red Carpet Theatre အဖြစ် ပြောင်းလဲဆောင်ရွက်ရန် ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**



ဝဇီရာရုပ်ရှင်ရုံကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ၁၉၉၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် နှစ်ရှည်ငှားရမ်းခဲ့ပြီး ၂၀၁၅ ခုနှစ် မေလအထိ ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဝဇီရာရုပ်ရှင်ရုံကို အဆောက်အအုံသက်တမ်းအရ လည်းကောင်း၊ ပြောင်းလဲလာသော ခေတ်စနစ်အခြေအနေများနှင့်အညီ ရုပ်ရှင်လောကသားများ အကျိုးဖြစ်ထွန်းစေရန်အကျိုးငှာ လည်းကောင်း ပြန်ကြားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ပြင်ပအကူအညီဖြင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံအဖြစ် ပြုပြင်ထိန်းသိမ်းပြီး Red Carpet Theatre အဖြစ် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ ဟိုခုံရပ်၊ တာချီလိတ်လမ်း၊ အမှတ်(၁/က)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၁)ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မဟာမိတ်တောင်သူလယ်သမားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**မဟာမိတ်တောင်သူလယ်သမားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၄)လမ်း၊ အိမ်အမှတ် (၂၆၂၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မဟာမိတ်တောင်သူလယ်သမားပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မဟာမိတ်တောင်သူလယ်သမားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၂) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု သစ်ပင်စိုက်ပျိုး

**ဝေါ ဇူလိုင် ၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီတွင် ဝေါမြို့နယ် တနော်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပဲခူးမြို့ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ကျော်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ပျိုးပင်များအား သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ ပိတောက်၊ ငုရွှေဝါ၊ ငုချယ်ရီ၊ မဟော်ဂနီ၊ ပုန်းညက်၊ တရုတ်တည် စသည့် ပျိုးပင်ပေါင်း ၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တိုကျိုအိုလံပစ်ဆိုင်ရာဝန်ကြီး၊ မာရူဘီနီကုမ္ပဏီဥက္ကဋ္ဌ၊ တိုကျိုစတော့အိတ်ချိန်းဥက္ကဋ္ဌနှင့် အီမအိဇုမိ ပညာသင်ဆု ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ အီမအီဇုမိ စဲဂျိတို့ သီးခြားစီလာရောက်တွေ့ဆုံ

**တိုကျို ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တိုကျိုအိုလံပစ်ဆိုင်ရာဝန်ကြီး Mr. Toshiaki ENDO နှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ဘောလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်များအား ပြုစုပျိုးထောင်ပေးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်သမ္မတက ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဂျပန်နိုင်ငံက ကူညီခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယင်းနောက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတသည် မာရူဘီနီကုမ္ပဏီဥက္ကဋ္ဌ Mr. Fumiyo kokubuနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်သမ္မတနှင့် တိုကျိုစတော့အိတ်ချိန်းဥက္ကဋ္ဌ Mr.koichiro တို့ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် အီမအိဇုမိ ပညာသင်ဆု ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ အီမအီဇုမိ စဲဂျိတို့ တွေ့ဆုံသည်။ **(အောက်ပုံ)**



အဆိုပါ အီမအိဇုမိ ပညာသင်ဆုဖောင်ဒေးရှင်းမှာ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ပါဝင်တိုက်ခိုက်ခဲ့သော ဂျပန်တပ်သားများအား ကူညီစောင့်ရှောက်ပေးခဲ့သည့် မြန်မာလူမျိုးများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပညာရေးဆိုင်ရာကူညီထောက်ပံ့မှုပေးအပ်ရန် ၁၉၈၈ ခုနှစ်တွင် ထူထောင်ခဲ့သော ဖောင်ဒေးရှင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ကျောင်းသား ၁၈၇ ဦးအား ပညာတော်သင်ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီးဖြစ်ကာ အဆိုပါကျောင်းသားများအနက် ၂၅ ဦးမှာ ပါရဂူဘွဲ့ရရှိခဲ့ကြောင်း သိရှိရသည်။

ယင်းဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားများအား ပညာသင်ဆုထောက်ပံ့ပေးခြင်း၊ စာရေးကိရိယာများ လှူဒါန်းခြင်း၊ ကျောင်းများတွင် စာကြည့်တိုက်များ လှူဒါန်းခြင်း စသည့် လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့မှုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာကျောင်းသားများအား ပညာသင်ဆုပေးနေသည့် အဆိုပါဖောင်ဒေးရှင်းဥက္ကဋ္ဌ စစ်ပြန်ကြီး မစ္စတာ အီမအီဇုမိ စဲဂျိသည် အသက် (၉၂) နှစ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၃**

၂၀၁၅ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗလာဒီမီမာကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂**

၂၀၁၅-၂၀၁၆ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁၇ ဒသမ ၄၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆၉ ဒသမ ၅၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၈၆ ဒသမ ၉၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၈ ဒသမ ၃၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၈၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၅ ဒသမ ၁၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် မေလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁၈ ဒသမ ၂၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇၈ ဒသမ ၅၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃၂ ဒသမ ၀၀ သန်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၁၀ ဒသမ ၅၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၃၂ ဒသမ ၃၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၃၅ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၆၂ ဒသမ ၇၄ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၅၂ ဒသမ ၁၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

## ဂျပန်-မဲခေါင် ယူ-၁၅ ပြိုင်ပွဲ အုပ်စုပွဲစဉ်များယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၂**

ဂျပန်-မဲခေါင် ယူ-၁၅ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂ ရက်က ဂျပန်နိုင်ငံတွင် ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာယူ-၁၅ အသင်းမှာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဇူလိုင် ၁ ရက်က ယှဉ်ပြိုင်ကစားသည့် အဖွင့်ပွဲတွင် ဟီရိုရှီးမားအသင်းကို အနိုင်ရခဲ့သော်လည်း ယနေ့ယှဉ်ပြိုင်သည့်ပွဲစဉ်များတွင် လာအိုအသင်းနှင့် တစ်ဂိုးစီသရေကျကာ ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအပြီးတွင် ရမှတ် လေးမှတ်ဖြင့် အုပ်စုတတိယနေရာသာ ရရှိခဲ့သောကြောင့် ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အဆင့်(၅)နေရာလုပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အဆင့်(၅)နေရာလုပွဲတွင် ဂျပန်ကလပ် ကိုဘေးလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

# အဖိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာမည့် (၇)ကြိမ်မြောက် မဲခေါင် – ဂျပန်ထိပ်သီးအစည်းအဝေးကြီးမှသည် . . .

**ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပလာခဲ့ရာ ယခု ၂၀၁၅ ခုနှစ်ဆိုလျှင် ခုနစ်နှစ်ပြည့်ပြီဖြစ်သည်။**

**တင်မောင်လွင် (မြန်မာ့အလင်း)**

ယခု(၇)ကြိမ်မြောက်ဖြစ်သည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မဲခေါင် - ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သစ်နှင့် ပတ်သက်ပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် ထိပ်သီးအစည်းအဝေးများကို ပထမဆုံးအကြိမ်မှ ပဉ္စမအကြိမ်အထိ ဂျပန်နိုင်ငံတိုကျိုမြို့၌ပင် နှစ်စဉ်မပျက်ကျင်းပခဲ့သည်။ ပထမဆုံးအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလက လည်းကောင်း၊ ပဉ္စမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က လည်းကောင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည်။

(၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က မြန်မာနိုင်ငံ နေပြည်တော်၌ကျင်းပခဲ့ပြီး ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ ပူးတွဲသဘောတူညီချက်ဖြင့် ယခု(၇) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မဲခေါင်မြစ်သည် ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံနယ်နိမိတ်သို့ စတင်ဝင်ရောက်စီးဆင်းလာခဲ့ပြီး တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်နိမိတ်မြစ်ကြောင်းအဖြစ် ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းမှ နိုင်ငံများသည် စီးပွားရေးအရ ပို့ဆောင်ဆက်သွယ်ရာတွင် မဲခေါင်မြစ်ကို အသက်သွေးကြောသဖွယ် အဓိကအားထားအသုံးပြုနေကြရသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံမှ ယူနန်ပြည်နယ်တို့ပါဝင်သည်။ ၁၉၉၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပါရီငြိမ်းချမ်းရေး သဘောတူညီချက်ကြောင့် အင်ဒိုချိုင်းနားဒေသတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာခြင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံမှ နိုင်ငံအများစုသည် ယခင်ကဗဟိုမှ စီမံခန့်ခွဲသည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ရာမှ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလာခဲ့ခြင်းကြောင့် ယင်းမြစ်ဝှမ်းဒေသတွင် စီးပွားရေးအခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားလာသည့် ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။ မဲခေါင်မြစ်ဝှမ်းဒေသသည် ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၂ ဒသမ ၃ သန်းရှိပြီး လူဦးရေသန်းပေါင်း ၂၅၅ သန်းနေထိုင်သော ဒေသဖြစ်ကြောင်း သိရသည်။

မဲခေါင်မြစ်ဝှမ်းဒေသသည်သစ်တော၊ သယံဇာတ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ အဖိုးတန်ရတနာ ပေါကြွယ်ဝခြင်း၊ ဆန်စပါးနှင့် စိုက်ပျိုးမြေအလုံအလောက်ရှိခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မြစ်၊ ချောင်းပေါများခြင်းတို့ကြောင့် မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အနောက်နိုင်ငံများ စိတ်ဝင်စားလာသော ဒေသတစ်ခုဖြစ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်အစောပိုင်းကာလမှ စတင်ကာ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား၊ အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အမျိုးမျိုးချမှတ်ကာ မဲခေါင်မြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသော အဓိကအစီအစဉ်များမှာ မဲခေါင်မြစ်ကော်မရှင်၊ မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် အာဆီယံ- မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တို့ဖြစ်သည်။

ထို့အပြင် မဲခေါင်ဒေသအတွင်း စီးပွားရေးစင်္ကြံလမ်းများမှာ တောင်-မြောက်စီးပွားရေးစင်္ကြံလမ်း၊ အရှေ့- အနောက်စီးပွားရေးစင်္ကြံလမ်း၊ တောင်ပိုင်းစီပွားရေးစင်္ကြံလမ်း၊ မြောက်ပိုင်းစီးပွားရေး စင်္ကြံလမ်းနှင့် အနောက်ပိုင်း စီးပွားရေးစင်္ကြံလမ်းတို့ဖြစ်သည်။

> **မဲခေါင်မြစ်ဝှမ်းဒေသသည် သစ်တော၊ သယံဇာတ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ အဖိုးတန်ရတနာ ပေါကြွယ်ဝခြင်း၊ ဆန်စပါးနှင့် စိုက်ပျိုးမြေအလုံအလောက်ရှိခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မြစ်၊ ချောင်းပေါများခြင်းတို့ကြောင့် မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အနောက်နိုင်ငံများ စိတ်ဝင်စားလာသော ဒေသတစ်ခု ဖြစ်လာခဲ့။**

မဲခေါင် - ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၇ ခုနှစ် ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သော ဂျပန် - မဲခေါင်ဒေသမိတ်ဖက်အစီအစဉ် (Japan-Mekong Partnership 2007-2009) မှစတင်ခဲ့ရာ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့်အတူ ယင်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်မှန်းချက်မှာ မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်ဒေသအတွင်းရှိ အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်း၊ တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် Japan - ASEAN Integration fund (JAIF)အောက်မှ ငွေကြေးထောက်ပံ့မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အတည်ပြုထုတ်ပြန်ကြေညာခဲ့သော တိုကျိုမဟာဗျူဟာ (၂၀၁၂) အရ အကောင်အထည်ဖော် ဆောင်ရွက်မည့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သစ်တွင် (၁) မဲခေါင်ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုတိုးမြှင့်ရေး၊ (၂) ဖွံ့ဖြိုးပြီး တိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရေး၊ (၃) လူသားတို့၏ လုံခြုံမှုနှင့် ရေရှည်တည်တံ့သည့်သဘာဝပတ်ဝန်းကျင်ဖြစ်ထွန်းစေရေး စသည့် မဏ္ဍိုင်ကြီးသုံးရပ်ကို အခြေပြုကာအကောင်အထည်ဖော်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းစီမံချက်ကို ယင်းထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုကြခြင်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၊ အစိုးရအကြီးအကဲများသည် မြန်မာနိုင်ငံ၏ ကျယ်ပြန့်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအတွက် တန်ဖိုးရှိသော အကြံဉာဏ်များနှင့် မြင့်မားသောတိုးတက်မှုနှင့် ကမ္ဘာတစ်ဝန်း ချိတ်ဆက်မှုအားလုံးပါဝင်ပြီးညီမျှသော၊ အစိမ်းရောင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော တိုးတက်မှုမဟာဗျူဟာများဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးမျှော်မှန်းချက်တို့ပါဝင်သော မြန်မာနိုင်ငံ၏ တိုးတက်မှုမဟာဗျူဟာကို အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနမှ ဂျပန်-အာဆီယံပေါင်းစည်းမှု ရန်ပုံငွေ အသုံးပြု၍ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၄) ကြိမ်မြောက် မဲခေါင်-ဂျပန် မဲခေါင်ဒေသတွင်း အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဖိုရမ်နှင့် ဇူလိုင်လက ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော (၇) ကြိမ်မြောက် မဲခေါင်-ဂျပန် စက်မှုနှင့် အစိုးရဆွေးနွေးပွဲများသည် ထိရောက်သော အကျိုးရလဒ်များစွာရရှိစေခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့နှင့်အတူ ဒေသတွင်းအကျိုးတူစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တွေ့ဆုံဆွေးနွေးပြီး သဘောတူလက်မှတ်ရေးထိုးသွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အလွန် မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ရှေ့အနာဂတ်ဦးတည်ချက်များကို ဆွေးနွေးရန်နှင့် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုကျိုမဟာဗျူဟာ (၂၀၁၂)နှင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအစီအစဉ်တို့ကို ပြန်လည်ဆန်းစစ်ရန်တို့အတွက် (၇) ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကို ကျင်းပရန် သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

မည်သို့ပင်ဖြစ်စေ ယခုကျင်းပမည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကြီးမှသည် ဂျပန်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအတွက် အဖိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ။

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကင်းထောက်မောင်မယ်များ သင်တန်းနှင့် စခန်းချခရီး အတွေ့အကြုံ ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကင်းထောက်မောင်မယ်များ သင်တန်းနှင့် စခန်းချခရီးအတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ ကျော်ကျော်ခေါင်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှင့် ကင်းထောက် အမျိုးသမီးအဖွဲ့ လှုပ်ရှားမှုများ၊ တက္ကသိုလ်ကင်းထောက်သင်တန်းများ သင်ကြားမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံကင်းထောက်ကော်မတီဝင် ဦးသာစိန်က ကင်းထောက်ဖွဲ့စည်းမှု၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကင်းထောက်မောင်မယ်များက ကင်းထောက်တေးသီချင်းများဖြင့် ဖျော်ဖြေကြကာ မောင်အောင်မောင်း၊ မောင်ဇော်လင်းအောင်၊ မောင်ဇော်မျိုးဝင်း၊ မောင်ကောင်းထက်ဦး၊ မောင်ဆုထူး၊ မမြတ်ဆုမွန်၊ မဝေဝေနွယ်တို့က တက္ကသိုလ်ကင်းထောက်သင်တန်းနှင့် ပြင်ဦးလွင်စခန်းချခရီး အတွေ့အကြုံများကို ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းပြောကြားကြသည်။

**ကိုလတ်(သတင်းစဉ်)**

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီးကျေးရွာအုပ်စု မြရတနာကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှူးတို့က ကြီးကြပ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ စုပေါင်း၍ သစ်ပင် ၁၅၀ခန့် စိုက်ပျိုးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အာဆီယံပါလီမန်များညီလာခံ၏ စီမံကိန်းနှင့်စပ်လျဉ်းသည့် အကဲဖြတ်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် အာဆီယံ ပါလီမန်များညီလာခံ (AIPA)၏ မြန်မာလွှတ်တော်သို့ အကူအညီပေးသည့် စီမံကိန်းနှင့်စပ်လျဉ်းသည့် အကဲဖြတ်လုပ်ငန်း ဆောင်ရွက်မည့် Mr.Christian Von Lubke အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် (I-1) ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အာဆီယံပါလီမန်များ ညီလာခံနှင့် GIZ တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မြန်မာလွှတ်တော်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့်အတူ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးရင်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နှစ်(၆၀)ပြည့် အင်ဂျင်နီယာပညာရေးခရီးပွဲတော်အထိမ်းအမှတ် ကျောက်စာတိုင်နှင့် ကြေးရုပ်တုဖွင့်

**မန္တလေး ဇူလိုင် ၂**

GTI,GTC,TU(မန္တလေး) နှစ်(၆၀)ပြည့် အင်ဂျင်နီယာပညာရေးခရီးပွဲတော် ဂုဏ်ပြုအထိမ်းအမှတ် ကျောက်စာတိုင်နှင့်ကြေးရုပ်တုဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းဝင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးကဏ္ဍတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး) GTI အဖြစ်မှ အစိုးရနည်းပညာကောလိပ်(GTC)၊ ထိုမှတစ်ဆင့် နည်းပညာတက္ကသိုလ်(မန္တလေး) TU အဖြစ် ဆင့်ကဲဆင့်ကဲတိုးတက်လာမှုသည် နှစ်ပေါင်း(၆၀) ကြာမြင့်လာသည့် အင်ဂျင်နီယာပညာရေးခရီးအဖြစ် ဂုဏ်ယူနိုင်စေရန်၊ နည်းပညာတက္ကသိုလ်(မန္တလေး)အား နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာပညာရေး တက္ကသိုလ်အဖြစ် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အားလုံးနှင့်သက်ဆိုင်သည့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ အပြန်အလှန်ချစ်ခင်ရင်းနှီးမှုများရရှိလာစေရန်နှင့် တက္ကသိုလ်၏ပညာရေးခရီးတွင် အတူတကွ လက်တွဲဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများ၊ ဝန်ထမ်းဟောင်းကြီးများအား မှတ်တမ်းတင် ဂုဏ်ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေး GTI စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၅၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ၄၄ နှစ်တာကာလအတွင်း အင်ဂျင်နီယာပေါင်း ၁၁၀၄၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများတွင် အခြေခံမှသည် အဆင့်မြင့်အင်ဂျင်နီယာများအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထို့ကြောင့် မန္တလေး GTI ၏ ဂုဏ်သတင်းသည် အလွန်တောက်ပခဲ့ပြီး များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း၊ ထို့ပြင် GTI,GTC,TU (မန္တလေး)ကို ၁၉၅၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အဆင့်ဆင့်တိုးမြင့်လာသည့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်က ပြင်သစ်နိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့သည့် ပထမဦးဆုံး မြန်မာလူမျိုး ဖန်ချက်ဝန်ဦးရွှေအိုး၏ပုံတူကြေးရုပ်တုကို ပြုလုပ်နိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း GTI ကျောင်းသား ကျောင်းသူဟောင်းကြီးများကိုယ်စား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၂) ဦးခင်မောင်တင့်က ပြောကြားသည်။

ပွဲတော်အထိမ်းအမှတ်အဖြစ် အင်ဂျင်နီယာသုတေသနပြခန်း၊ ဓာတ်ပုံပြခန်း၊ စီမံကိန်းများပြခန်းနှင့်အထူးဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# သန့်စင်သောနှမ်းများရရှိရန် ထောင်နှမ်းအဖြစ် ပြုလုပ်မှုများလာ

**အမရပူရ ဇူလိုင် ၂**

အမရပူရမြို့နယ်တွင်းရှိ နှမ်းစိုက်တောင်သူများသည် တပေါင်းနှမ်း ထွက်နှုန်းကောင်းရန် ရေစက်များဖြင့် ရေတင်ကာ စိုက်ပျိုးလျက်ရှိကြသည်။ နှမ်းစိုက်ပျိုးရာတွင် ရေတင်စရိတ်၊ ဆီစရိတ်၊ အလုပ်သမားစရိတ်တို့မှာ ကြီးမြင့်လှပြီး နောက်ပိုင်းတွင် မိုးအနည်းငယ်ရရှိ၍ နှမ်းများ ဖြစ်ထွန်း အောင်မြင်ခဲ့သည်။ မိုးပုံမှန်ဖြစ်ခြင်းကြောင့် အပင်ဖြစ်နှုန်းကောင်းကာ နှမ်းအသီး ကောင်းလျက်ရှိသည်။ နှမ်းများကို တပေါင်းလတွင် စိုက်ပျိုး၍ နယုန်လကုန်နှင့် ဝါဆိုလတွင် ရိတ်သိမ်းကြသည်။

နှမ်းကောင်းပါက တစ်ဧကလျှင် ၁၅ တင်းခန့် ထွက်လေ့ရှိသည်။ ယခုအခါ အမရပူရမြို့နယ်တွင် နှမ်းများ ရိတ်သိမ်းလျက်ရှိသည်။ သန့်စင်သောနှမ်းရမှ ဈေးကောင်းရလေ့ရှိသည့်အတွက် တောင်သူအများစုမှာ နှမ်းများကိုနီးဖြင့်စည်း၍ နေလှန်း၍ ခါယူခြင်းဖြင့် သန့်စင်သောနှမ်းများ ရရှိအောင် ဆောင်ရွက်ကြသည်။ နှမ်းစည်းများကို သုံးကြိမ်အထိ ခါယူကြသည်။ နှမ်းစည်းပြုလုပ်ခြင်းဖြင့် နှမ်းများမှာ သဲပါဝင်ခြင်းမရှိဘဲ သန့်စင်စွာ ရရှိသည်။



နှမ်းများခါပြီးပါက နှမ်းရိုးများကို နွားများအတွက် နွားစာစဉ်းစက်ဖြင့် စဉ်းလေ့ရှိသည်။ လက်ရှိကာလနှမ်းဈေးမှာ နှမ်းသန့်ခြင်း၊ မသန့်ခြင်း အပေါ်မူတည်ကာ နှမ်းဈေးကွာခြားသည်။ ယခုအခါ အမရပူရမြို့နယ်ရှိ နှမ်းစိုက်တောင်သူများမှာ သန့်စင်သော နှမ်းရရှိရန်အတွက် ထောင်နှမ်းများအဖြစ် ပြုလုပ်လျက်ရှိသည်။ နှမ်းသိမ်းချိန်တွင် တောင်သူနှင့် အလုပ်သမားများပါ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**(တိမ်တမန်)**

■

“မြန်မာအမျိုးသမီးများနေ့”
ဇူလိုင်လ (၃) ရက်

# မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော် ရေကြီးရေလျှံဘေးမှ ကင်းဝေးပြီ

**ဖြူး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာဒေသနှင့် ကညွတ်ကွင်းဒေသတို့ရှိ ကျေးရွာအုပ်စုများမှ မိုးစပါးစိုက်ဧက ၁၀၀၀၀ကျော်မှာ နှစ်စဉ်ရိတ်သိမ်းချိန်တွင် ချောင်းကော၊ မြောင်းကောနှင့် စစ်တောင်းမြစ်ရေကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် မိုးစပါးစိုက်ခင်းအများအပြား ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ထို့ကြောင့် ရေကြီးရေလျှံဘေးမှ ကင်းဝေးရေးနှင့် သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးတို့အတွက် ဆည်မြောင်းဦးစီးဌာနက ယခုနှစ် နှစ်ဦးပိုင်းမှစ၍ ချောင်းကော၊ မြောင်းကော၊ အင်းကောများကို မြေတူးစက် ၃၀ ကျော်၊ မြေဖို့စက်ငါးစီးတို့ဖြင့် မြေတူးမြေဖို့ခြင်း၊ စစ်တောင်းမြစ်ရေတာတမံမြေဖို့ခြင်းလုပ်ငန်းများကို စက်အင်အား၊ လူအင်အားများဖြင့် ဆောင်ရွက်ခဲ့ရာ ယခုမိုးဦးမကျခင် လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်စွာ ပြီးစီးသွားပြီဖြစ်၍ ကျီးရိုးအုပ်စု၊ အင်ပင်သာအုပ်စု၊ ကညင်ဒိုင်းအုပ်စု၊ ဇီးခုံ၊ သပြေလဟာအုပ်စု၊ မိဿလင်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၁၉၀၀၊ ငမြစ်ချင်း၊ ဘုရားလဟာ၊ ခင်ကြီး၊ သပြေလဟာ၊ မြပဲခူး၊ လက်တက်ကြီး၊ ငတိုးခင်နှင့် ကင်မွန်းခြံကျေးရွာအုပ်စုများအတွင်းရှိ လယ်မြေဧက ၄၅၀၀၊ ကညင်ဒိုင်းကျေးရွာအုပ်စု၊ မိဿလင်နှင့် သပြေလဟာကျေးရွာအုပ်စုများမှ လယ်မြေဧက ၅၀၀၀ စုစုပေါင်းလယ်မြေဧက ၁၀၀၀၀ကျော်မှာ ယခုနှစ် မိုးရာသီမှစ၍ ရေကြီးရေလျှံရေနစ်မြုပ်ခြင်းမှကင်းဝေးပြီး သီးနှံများလည်း စိုက်သမျှအောင်မြင်ကာ ဆုံးရှုံးမှုများ လျော့ပါးမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

## ဇူလိုင် ၂ ရက် ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၂၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၀၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၅၀၀၀ မှ ၁၉၀၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၇၀၀၀ မှ ၈၀၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၃၀၀၀ မှ ၁၀၄၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၃၀၀၀၀ မှ ၁၆၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၇၀၀ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၂၅ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၃၀၀၀ မှ ၅၀၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၀၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၆၀ |
| | လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။ | | | | |

ပြည်တွင်းရေးရာ

# အလုပ်အကိုင်အခွင့်အလမ်းများ ပျောက်မသွားရေး ဦးတည်ချက်အခြေခံကာ ကန့်ကွက်သွားမည်

ဦးမြင့်စိုး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း)

အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာကော်မတီအနေဖြင့် အနည်းဆုံးအခကြေးငွေအဆိုပြုနှုန်းကို တစ်ရက်လျှင် ကျပ် ၃၆၀၀ နှင့် တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်း သတ်မှတ်လိုက်ကြောင်း ဇွန် ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် ယင်းနှုန်းထားမှာ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီသတ်မှတ်ခြင်းဖြစ်ပြီး အလုပ်သမား ၁၅ ဦးအောက်ရှိသောလုပ်ငန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများအနေဖြင့် ယင်းသတ်မှတ်ချက်နှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့သော အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင်ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမားများဘက်မှ တစ်ရက် လုပ်ခ ကျပ် ၄၀၀၀ နှင့် အလုပ်ရှင်များဘက်မှ တစ်ရက်လုပ်ခ ကျပ် ၂၅၀၀ အဆိုပြုခဲ့ကြသည်။

ဇွန် ၂၄ ရက်တွင်ပြုလုပ်သော အမျိုးသားကော်မတီ အစည်းအဝေး၌ တစ်ရက်လုပ်ခ ကျပ် ၃၅၀၀ နှင့် ကျပ် ၄၀၀၀ ကြား သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ဆုံးဖြတ်ပြီး ငါးရက်အကြာတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာကော်မတီမှ တစ်ရက်လုပ်ခ ကျပ် ၃၆၀၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာသည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ အနိမ့်ဆုံးလုပ်ခတစ်ရက် ကျပ် ၃၆၀၀ သတ်မှတ်ပေးတဲ့အပေါ် လုပ်ငန်းရှင်တွေအနေနဲ့ ကန့်ကွက်သွားဖို့ရှိတယ်ဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ကန့်ကွက်သွားမှာပါမလဲဆိုတာ သိပါရစေ။**

ဖြေ။ ဥပဒေနဲ့အညီ ကျွန်တော်တို့မှာ ကန့်ကွက်ဖို့ရာအတွက် အခွင့်အရေး ဥပဒေကပေးထားတယ်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်ပြီးတာနဲ့ တစ်ပြိုင်နက်တည်း အနည်းဆုံးအခကြေးငွေပေါ်မှာ ရက် ၆၀ အတွင်း အကျိုးအကြောင်းဖော်ပြပြီးတော့ ကန့်ကွက်နိုင်တယ်လို့ ပြောထားပါတယ်။ အဲဒီပြောထားတဲ့အချက်ပေါ်မှာမူတည်ပြီး ကျွန်တော်တို့က ဥပဒေပေးထားချက်ပေါ်မှာပဲ အခြေခံပြီး ကန့်ကွက်သွားပါမယ်။ အဲဒီကန့်ကွက်ချက်က ကိုယ့်ရဲ့ပိုက်ဆံကို အလုပ်သမားကို မပေးရကြေးမဟုတ်ဘဲနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပျောက်မသွားရေးဆိုတဲ့ ဦးတည်ချက်ပေါ်ကနေပြီးတော့ အခြေခံပြီး ကျွန်တော်တို့က ကန့်ကွက်သွားမှာပါ။

**မေး။ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ အလုပ်သမားတွေဘက်က တစ်ရက်လုပ်ခ ကျပ် ၄၀၀၀ အဆိုပြုခဲ့ပေမယ့် အလုပ်ရှင်တွေက ကျပ် ၂၅၀၀ ပဲ အဆိုပြုခဲ့တယ်။ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဆရာတို့အလုပ်ရှင်ဘက်က ကျပ် ၂၅၀၀ အဆိုပြုတာပါလဲ။ ဒီအပေါ်မှာ ရှင်းပြပေးပါဦး။**

ဖြေ။ နံပါတ်တစ်ကတော့ ကျွန်တော်တို့ရဲ့ ဈေးကွက်အခြေအနေကို ပြောပါ့မယ်။ အထည်အလိပ်ဈေးကွက် အခြေအနေက ၂၀၁၃ ဇူလိုင် ၂၉ ရက်ကစပြီးတော့ ဥရောပနိုင်ငံတွေက ကျွန်တော်တို့ကို အခွန်ကင်းလွတ်ခွင့် ပေးခဲ့ပါတယ်။ ပေးခဲ့တဲ့အတွက် ဥရောပဈေးကွက်က တဖြည်းဖြည်း တက်လာပါတယ်။ ဒါပေမယ့် ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်တဲ့ အမေရိကန်ဈေးကွက်က ပြီးခဲ့တဲ့နှစ်မှာ ကျွန်တော်တို့ Made in Myanmar ပေါ့၊ မြန်မာပြည်ကနေပို့လိုက်တဲ့ အဝတ်အထည်တွေရဲ့ တန်ဖိုးပေါ့။ ချုပ်ခမဟုတ်ဘူး။ အဲဒီတန်ဖိုးက ၁ ဒသမ ၅၆ ဘီလီယံရှိပါတယ်။ အမေရိကန်ဒေါ်လာ သန်း ၁၅၆၀ရှိပါတယ်။ အဲဒီထဲမှာ အမေရိကန်က ၁၆ သန်းပဲပါပါတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံးနဲ့ အများဆုံးဖြစ်တဲ့ အမေရိကန်ဈေးကွက်က ကျွန်တော်တို့မရသေးပါဘူး။ ဘင်္ဂလားဒေ့ရှ်လိုလည်း မရသေးဘူး၊ ကမ္ဘောဒီးယားလိုလည်း မရသေးဘူး၊ ဗီယက်နမ်လိုလည်း မရသေးဘူး။

ဒါကြောင့် ဈေးကွက်ရဲ့ လိုအပ်ချက်က အချိန်ပေးရမယ့် သဘော ဖြစ်နေပါတယ်။ ဒါက နံပါတ်တစ် လိုအပ်ချက်ပါ။ ကျပ် ၂၅၀၀ ပေးရတဲ့အကြောင်းအရင်းပါ။ နံပါတ်နှစ် ကျွန်တော်တို့က ၂၀၁၃ ကစပြီး ကမ္ဘာ့ဈေးကွက်ကို ပွင့်ပွင့်လင်းလင်း တင်ပို့နိုင်ခွင့် အခွင့်အရေးရခဲ့တဲ့အတွက် အလုပ်သမားတွေရဲ့ကျွမ်းကျင်မှုဟာ အခုအချိန်မှာ ပြည့်မီအောင်မရသေးပါဘူး။ အဲဒီအတွက်ကြောင့် အလုပ်သမား ကျွမ်းကျင်ဖို့ အချိန်တွေလိုတဲ့အတွက် အခုအချိန်မှာတော့ ကျပ် ၂၅၀၀ ကနေ စပေးပါရစေဆိုပြီးတော့ ကျွန်တော်တို့က တောင်းဆိုခဲ့ရတာဖြစ်ပါတယ်။ နံပါတ်သုံးအချက်က ကျွန်တော်တို့ဆီမှာ ပိတ်စလည်း ထုတ်လို့မရပါဘူး၊ အပ်ချည်လည်း ထုတ်လို့မရပါဘူး၊ ကြယ်သီးလည်း ထုတ်လို့မရပါဘူး။အဲဒါတွေအားလုံးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ တင်သွင်းနေရပါတယ်။ အဲဒီအတွက်ကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာပြည်ရဲ့ခရီးအကွာအဝေးဟာ ဗီယက်နမ်ထက်သော်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံထက်သော်လည်းကောင်း ကွာဝေးနေတဲ့အတွက် သယ်ယူပို့ဆောင်စရိတ်တွေ ပိုပြီးတော့ ကုန်ကျပါတယ်။ မြန်မာပြည်ကိုဖြတ်ပြီးတော့ တရုတ်ပြည်နားသွားလို့မရပါဘူး။ တရုတ်ပြည်နဲ့ကပ်နေတဲ့ မူဆယ်ဘက်ကရှိတဲ့ ကုန်သွယ်မှုလမ်းကြောင်းက ကုန်းလမ်းကြောင်းပဲဖြစ်နေတဲ့အတွက် ကုန်းလမ်းကြောင်းဟာ ရေလမ်းကြောင်းထက်စာရင် ကုန်ကျစရိတ် သုံးဆကနေ ငါးဆထိအောင် ပိုပါတယ်။ အဲဒါတွေကြောင့် တစ်ရက်ကို အလုပ်ချိန် ရှစ်နာရီမှာ ကျပ် ၂၅၀၀ ပဲ သတ်မှတ်ပါဦးလို့ ကျွန်တော်တို့က အဆိုပြုခဲ့တာပါ။



မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး။

**မေး။ အနိမ့်ဆုံးလုပ်ခ တစ်ရက် ကျပ် ၃၆၀၀ သတ်မှတ်တာနဲ့ပတ်သက်ပြီး လုပ်ငန်းရှင်တွေဘက်က ကန့်ကွက်တဲ့ ရာခိုင်နှုန်း ဘယ်လောက်ထိရှိပါသလဲ။**

ဖြေ။ ကျွန်တော်တို့အနေနဲ့ အခု ခန့်မှန်းခြေအရကတော့ ၉၀ ရာခိုင်နှုန်းထိရှိမယ်။ ဘာကြောင့်လဲဆိုတော့ လက်ခစားလုပ်ငန်းရှင်အားလုံးက ကန့်ကွက်ရပါမယ်။ ကုန်သွယ်မှုပါတဲ့ FOB လုပ်ငန်းလုပ်ကိုင်နိုင်တဲ့သူတွေ ကန့်ကွက်ဖို့ သူတို့တွေအနေနဲ့ နည်းနည်းလေးခက်ခဲပါမယ်။ သူတို့အနေနဲ့ လိုက်ပါဆောင်ရွက်နိုင်မယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက ဘာမှမထွက်တဲ့အတွက် ခုနက မေးခွန်းမှာ ပြောထားတဲ့ အချက်တွေဟာ ကျွန်တော်တို့ လက်ခပေးလိုပဲ ကုန်သွယ်မှုပါတဲ့ သူတွေကလည်း ဒါကိုလိုက်ပါဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဲဒီကုန်ကျစရိတ်တွေကတော့ တူနေပါမယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်စိတ်အထင် အတိအကျတော့မဟုတ်ပါဘူး။ ၉၀ ရာခိုင်နှုန်းလောက်ကတော့ ဒီ ကန့်ကွက်တဲ့အထဲမှာ ပူးပေါင်းဆောင်ရွက်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ လုပ်ငန်းရှင်တွေအပေါ် အစိုးရအနေနဲ့ ဘယ်လိုပံ့ပိုးမှုတွေလုပ်ဆောင်ပေးဖို့လိုပါသလဲ။ ဒီအပေါ်မှာ လုပ်ငန်းရှင်တစ်ယောက် အနေနဲ့ သုံးသပ်ပေးပါ။**

ဖြေ။ နံပါတ်တစ် နိုင်ငံတကာမှာ အစိုးရအသီးသီးက သူတို့ရဲ့စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း အကောင်အထည်ဖော်ချင်တဲ့ ကိစ္စရပ်တွေကို သတ်မှတ်တိုင်း သတ်မှတ်တိုင်းမှာ လုပ်ငန်းရှင်၊ လုပ်သားဘက်က လိုက်ပါဆောင်ရွက်နိုင်ခြင်းမရှိတဲ့ အချိန်ကာလမှာ နိုင်ငံတော်ကနေ ပံ့ပိုးကူညီမှုတွေကို လုပ်ကြ စမြဲပါ။ အခု မြန်မာနိုင်ငံမှာတော့ ဘယ်လို ပံ့ပိုးကူညီမှုမှ ထိထိရောက်ရောက်မရှိသေးတာကို တွေ့ရ ပါတယ်။ ဇွန်လ ၂၂ရက်နဲ့ ၂၃ရက်နေ့ အလုပ်ရုံဆွေးနွေးပွဲမတိုင်မီမှာ ကျွန်တော်တို့က ဇွန် ၂၀ ရက် စနေနေ့မှာ ဌာနပေါင်းစုံက ဌာနအကြီးအကဲတွေနဲ့ ဒုတိယဝန်ကြီးတွေပါတဲ့ Seminar တစ်ခု လုပ်ခဲ့တဲ့အခါမှာလည်း ကျွန်တော်တို့ CMP လက်ခစားလုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ဘာတွေကို ဖြေလျှော့ပေးမယ်၊ ဘာတွေကို ပံ့ပိုးပေးမယ်ဆိုတဲ့ တိကျတဲ့ ကတိ ကဝတ်၊ တိကျတဲ့ လုပ်ထုံးလုပ်နည်း တွေကို မရခဲ့ပါဘူး။

**မေး။ အနည်းဆုံး အခကြေးငွေ သတ်မှတ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမျိုးသားကော်မတီအနေနဲ့ လုပ်ငန်းရှင်တွေအပေါ် ဖိအားပေးခဲ့တာတွေ ရှိတယ်လို့ သိရပါတယ်။ ဘယ်လို ဖိအားမျိုးလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ကျွန်တော်တို့တော့ ဖိအားပေးမှုတွေ မတွေ့ပါဘူး။ အဲဒါမျိုးကလည်း ဒီခေတ်အခါမှာ ဥပဒေနဲ့အညီ ဒီမိုကရေစီ နည်းလမ်းတကျလုပ်နေတဲ့ အတွက် ဖိအားပေးတယ်ဆိုတာ ဖြစ်နိုင်ခြေမရှိပါဘူး။ ကိုယ့်အနေနဲ့ လုပ်ချင်မှလုပ်လို့ရတဲ့ သဘောမျိုးဖြစ်ပါတယ်။ ဥပဒေနဲ့အညီဆိုလို့ရှိရင်တော့ ကျွန်တော်တို့က နိုင်ငံသားအားလုံးရော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံးပါ တည်ဆဲဥပဒေကို လိုက်နာရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေမှာ အဲလိုဖိအားပေးဆောင်ရွက်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေမျိုး ဒီနေ့အချိန်အထိ မတွေ့သေးပါဘူး။

**မေး။ အနိမ့်ဆုံးလုပ်ခတစ်ရက် ကျပ် ၃၆၀၀ နှုန်းထားအတိုင်းသာ အတည်ဖြစ်သွားခဲ့မယ်ဆိုရင် လုပ်ငန်းရှင်တွေအနေနဲ့ ရှေ့ဆက်ပြီး ဘယ်လိုတွေ ဖြစ်လာနိုင်ပါသလဲ။ ဒီအပေါ်မှာ သုံးသပ်ပေးပါဦး။**

ဖြေ။ နံပါတ်တစ်အချက်ကတော့ ၃၆၀၀ ပေးလိုက်လို့ရှိရင် တစ်လ ဘာမှ မတတ်သေးတဲ့ သူကစပြီးတော့ သန့်ရှင်းရေး၊ တံမြက်စည်းလှည်းတဲ့သူ၊ လုံခြုံရေးလုပ်တဲ့သူပဲဖြစ်ဖြစ် ဥပမာ- အင်္ကျီတွေမှာ ချုပ်ပြီးရင် ချည်မွေးလေးတွေရှိပါတယ်။ အဲဒါကို ညှပ်တဲ့သူပဲဖြစ်ဖြစ် အဲလိုအခြေခံကျွမ်းကျင်မှုရှိတဲ့သူက စပြီး ကျွန်တော်တို့က ငွေကျပ် ၁၀၈၀၀၀ ရပ့ါမယ်။ အဲလို ငွေကျပ် ၁၀၈၀၀၀ ပေးရနိုင်တဲ့အတွက် ကျွမ်းကျင်တဲ့သူ၊ ကြိုးစားတဲ့သူကိုပဲ ကျွန်တော်တို့က ရွေးချယ်ပြီးတော့ လက်တွဲပါမယ်။ အဲတော့ ကျွမ်းလည်း မကျွမ်းကျင်ဘူး။ ကြိုးလည်း မကြိုးစားဘူးဆိုရင် သူ့ကို လက်တွဲဖြုတ်ပ့ါမယ်။ အဲလိုပဲ ကျွမ်းကျင်တဲ့ဝန်ထမ်းတွေက ကျွန်တော်တို့ရဲ့ အရင်းရှုအခြေအနေကို ထုတ်လုပ်နိုင်စွမ်းရှိတယ်ဆိုရင် ရှေ့ဆက်ပြီး လက်တွဲပ့ါမယ်။ ထုတ်လုပ်မှုကိုမပေးနိုင်ဘူးဆိုရင် လက်တွဲဖြုတ်ပ့ါမယ်။ လက်တွဲဖြုတ်မယ့်သူတွေက စက်ရုံမှာ လူ ၅၀၀၊ ၁၀၀၀ ခန့်ထားတယ်။ အဲဒီလူ ၅၀၀၊ ၁၀၀၀ လိုချင်တဲ့ အရင်းရှုမှုကို ထုတ်လုပ်မပေးနိုင်ဘူးဆိုရင် ကျွန်တော်စက်ရုံကို ပိတ်ပ့ါမယ်။ ကျွန်တော်တို့ အထည်ချုပ်လုပ်ငန်းရှင်တွေရဲ့ ၃၆၀၀ ပေါ်မှာ ပူးပေါင်းဆောင်ရွက်ပြီး ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်း ဖြစ်ပါတယ်။

**မေး။ အနိမ့်ဆုံးလုပ်ခလစာနဲ့ ပတ်သက်ပြီး တိကျတဲ့ အဖြေတစ်ခုထွက်ဖို့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ ဘယ်လို လုပ်ဆောင်သင့်ပါသလဲ။**

ဖြေ။ နိုင်ငံတကာမှာအစိုးရက စီးပွားရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ် အကောင်အထည်ဖော်ဖို့ လိုလာတဲ့အခါမှာ အဲဒီဟာကို လက်ငင်းအကောင်အထည်မဖော်ပေးနိုင်ဘူးဆိုရင် မဖော်နိုင်တဲ့ အလုပ်သမားဘက်ကဖြစ်ဖြစ်၊ အလုပ်ရှင်ဘက်ကဖြစ်ဖြစ် သူတို့ကနေ ပူးပေါင်းဆောင်ရွက်ပြီးတော့ လုပ်ရတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အဲဒီလိုမျိုး Export လုပ်တယ်ဆိုရင် ကျွန်တော်ရဲ့ ဒေါ်လာတစ်သိန်းလို့ invoice ဖော်ပြတယ်။ နိုင်ငံတကာပို့လိုက်တဲ့အခါမှာ invoice မှာ တစ်သိန်းလို့ဖော်ပြရတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အဲဒီဒေါ်လာတစ်သိန်းကို RMB လို့ခေါ်တဲ့ သူတို့နိုင်ငံရဲ့ ငွေကြေးနဲ့ ပြောင်းပြီးတော့ ၁၇ ရာခိုင်နှုန်း ပေါင်းပြီးတော့ ကျွန်တော်ကို RMB နဲ့ပေးပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဆောင်ရွက်ချက်ပါ။ ဒီလိုဆောင်ရွက်ချက်မျိုးများရမယ်ဆိုရင် ကျွန်တော်တို့က ၃၆၀၀ တွေ၊ ၂၅၀၀ တွေ ၄၀၀၀ တွေ ဆိုတဲ့ စကားကို ပြောစရာမလိုပါဘူး။ အချိန်ကာလတစ်ခုအထိ ကျွန်တော်တို့ ကြိုးစားလုပ်လို့ရပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်ပေးဖို့ ပံ့ပိုးမှုတွေရတယ်ဆိုရင် စာရွက်တွေဖြုန်းတီးပြီးတော့ သတင်းရေးနေစရာ မလိုဘူးလို့ ကျွန်တော် မှတ်ချက်ပြုပါရစေ။

**မေး။ ဆရာ့အနေနဲ့ ဘာများဖြည့်စွက်မှတ်ချက်ပြုချင်ပါသလဲ။**

ဖြေ။ အခုကိစ္စမျိုးက သုံးပွင့်ဆိုင်ညှိနှိုင်းရတာပါ။ အစိုးရရယ်၊ အလုပ်သမားရယ်၊ အလုပ်ရှင်ရယ် ဖြစ်ပါတယ်။ ဘေးကနေပြီးတော့ ပံ့ပိုးပေးတာက စီးပွားရေးပညာရှင်၊ နိုင်ငံရေးပညာရှင်တွေပါ။ ဒီလိုပုံစံမျိုး လုပ်တဲ့အခါမှာ အစိုးရဟာ သူလုပ်ချင်တာပဲလုပ်တယ်။ အလုပ်သမားကလည်း သူလိုချင်တာကိုပဲ မရမက တောင်းမယ်ဆိုရင်တော့ အောင်မြင်မှုပန်းတိုင်ကို မရပါဘူး။ သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးမှုက ILO မှာလည်း ရှိတယ်။ ကျွန်တော်တို့ စက်ရုံတွေမှာလည်းရှိတယ်။ နေရာတိုင်းမှာလည်း ရှိတဲ့အတွက် ဒီလိုသုံးပွင့်ဆိုင် သဘောတူညီချက်မျိုးရအောင် ဆောင်ရွက်မှသာလျှင် ဒီလိုအနည်းဆုံးအခကြေးငွေဟာ အောင်အောင်မြင်မြင်နဲ့ လူချမ်းသာ နတ်ချမ်းသာမကဆိုတဲ့ စကားပါ။ အင်္ဂလိပ်စကားဆို Win-Win Situation ရမှာပါ။ ။

တွေ့ဆုံမေးမြန်း - သီရိ

ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)




## အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံ(ကျွန်းချောင်း)အား ပြင်ဆင်စမ်းသပ်လည်ပတ်

နေပြည်တော် ဇူလိုင် ၂

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂) ဓာတ်မြေဩဇာစက်ရုံ(ကွန်းချောင်း)အား စက်ရုံ၏ စက်ပစ္စည်းအချို့အား ပြည်ပမှ မှာယူတင်သွင်း၍ ပြန်လည်မွမ်းမံပြင်ဆင်တပ်ဆင်ခဲ့သည်။

စက်ပစ္စည်းများ ပြန်လည်ပြင်ဆင်ပြီးမှုနှင့် သဘာဝဓာတ်ငွေ့လုံလောက်စွာရရှိမှုအခြေအနေအရ စမ်းသပ်လည်ပတ်အောင်မြင်ခဲ့ပြီး အရည်အသွေးပြည့်ဝသည့် ယူရီးယား ဓာတ်မြေဩဇာများကို ဇွန် ၂၃ ရက်မှစ၍ အဆိုပါစက်ရုံမှ ပြန်လည်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရုတ်ရေငုပ်သင်္ဘောသုံးစင်း ဝယ်ယူရန် ထိုင်းရေတပ် စီစဉ်

**ဗန်ကောက် ဇူလိုင် ၂**

ထိုင်းရေတပ်က အစိုးရအချင်းချင်း သဘောတူညီချက်တစ်ခုအရ တရုတ်နိုင်ငံထံမှ ရေငုပ်သင်္ဘောသုံးစင်းဝယ်ယူရန် စီစဉ်နေကြောင်း ထိုင်းရေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ကရိုင်ဆုန်ချန်ဆုဗာနစ်က ဇူလိုင် ၂ ရက်တွင် ပြောကြားသည်။

ကရိုင်ဆုန်၏အဆိုအရ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံ အကုန်အကျခံ၍ အသစ်တည်ဆောက်မည့် တရုတ်ရေငုပ်သင်္ဘောသုံးစင်းအား ရက်သတ္တတစ်ပတ်ကြာမျှသာ ငုပ်လျှိုးနိုင်သော ဂျာမန် သို့မဟုတ် ဆွီဒင်လုပ်ရေငုပ်သင်္ဘောများနှင့် နှိုင်းယှဉ်ကြည့်ပါက ပင်လယ်ပြင်တွင် ရက်သတ္တသုံးပတ်ကြာ ငုပ်လျှိုးနိုင်ကြောင်း သိရသည်။ အဖွဲ့ဝင် ၁၇ ဦးပါ ရေတပ်ဝယ်ယူရေးကော်မတီက အစိုးရအချင်းချင်း သဘောတူညီချက်အရ ခုနစ်နှစ်မှ ၁၀ နှစ်အတွင်း အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူမည့် တရုတ်ရေငုပ်သင်္ဘောများကို ရွေးချယ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါဝယ်ယူရေးကော်မတီပါ အဖွဲ့ဝင်များမှာ တောင်ကိုရီးယား၊ ဂျာမနီ၊ ဆွီဒင်နှင့် တရုတ်နိုင်ငံအပါအဝင် တိုင်းပြည်အများအပြားရှိ ရေငုပ်သင်္ဘောကျင်းများသို့ သွားရောက်လည်ပတ်ခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေငုပ်သင်္ဘောတွင် တပ်ဆင်ထားသောနည်းပညာ၊ လက်နက်စနစ်များနှင့် ကျင့်သားရနေစေရန် တရုတ်နိုင်ငံ၌ နှစ်အနည်းငယ်ကြာ နေထိုင်ရမည့် ထိုင်းရေတပ်မှ တပ်ဖွဲ့ဝင်များအတွက် အဆိုပါ တရုတ်ရေငုပ်သင်္ဘောများ တည်ဆောက်ရန် ငါးနှစ်မှ ခြောက်နှစ်ထိ ကြာမြင့်မည်ဖြစ်သည်။ ထိုင်းရေတပ်၏ တရုတ်ရေငုပ်သင်္ဘောများ ဝယ်ယူမည့်အစီအစဉ်ကို ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ အစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိရန် ပေးပို့ရမည့် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ပရာဝက်ဝမ်ဆုဝန်ထံ ယခုချိန်ထိ မတင်သွင်းရသေးပေ။

**ဆင်ဟွာ။**



# အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ အစိုးရဆရာဝန်များ ဆက်လက်ဆန္ဒထုတ်ဖော်



**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ မဟာရတ်ရှ်ထရာပြည်နယ်မှ အစိုးရဝန်ထမ်းဆရာဝန် ၄၀၀၀ ကျော်သည် လစာပိုမိုတိုးမြှင့်ပေးရေး၊ ၎င်းတို့၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရေးနှင့် သတ်မှတ်အလုပ်ချိန်နာရီများနှင့် ပတ်သက်၍ အချိန်အကန့်အသတ်မရှိသော ဆန္ဒပြမှုတစ်ရပ်ကို ဇူလိုင် ၂ ရက်က ဆက်လက်ဆင်နွှဲလိုက်ကြောင်း သိရသည်။

မွမ်ဘိုင်းမြို့ရှိ ပြည်နယ်ဆေးရုံမှ ဆရာဝန် ၂၀၀၀ ပါဝင်သော အစိုးရဆရာဝန်များသည် အစိုးရက ဇူလိုင် ၁ ရက်တွင် အပေးအယူတစ်ခုပြုလုပ်ရန် ပျက်ကွက်ခဲ့သောကြောင့် ၎င်းတို့အချင်းချင်းကြား ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ဆန္ဒပြမှု စတင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ မဟာရတ်ရှ်ထရာဒေသခံဆရာဝန်များ ဗဟိုဘုတ်အဖွဲ့ဥက္ကဋ္ဌ ဆာဂါမွန်ဒါဒါ၏အဆိုအရ ဆရာဝန်များ၏ တောင်းဆိုချက်များတွင် ထောက်ပံ့ကြေးငွေတိုးမြှင့်ပေးရေး၊ ဆရာဝန်များ အကာအကွယ်ပေးရေးအက်ဥပဒေ အတိအကျအကောင်အထည်ဖော်ရေး၊ အမျိုးသမီးဆရာဝန်များအတွက် မီးဖွားခွင့်နှစ်လရရှိရေးနှင့် သတ်မှတ်အလုပ်ချိန်နာရီများ ပါဝင်သည်။

"ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေကို ပြည်နယ်အစိုးရက အလေးမထားလို့ ကျွန်တော်တို့ ဆက်လက်ဆန္ဒပြရတာပါ" ဟု ၎င်းက ဒေသန္တရမီဒီယာများသို့ ပြောကြားသည်။ ဆန္ဒပြမှု ဆက်လက်ဖြစ်ပွားနေပါက မဟာရတ်ရှ်ထရာပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တုံ့ဆိုင်းရပ်တန့်သွားဖွယ်ရှိသည်။

**ဆင်ဟွာ။**

❒

# အငြင်းပွားရေပြင်အတွင်း ကျောက်တန်းတစ်ခုပေါ် တရုတ်နိုင်ငံ လေယာဉ်ပြေးလမ်း တည်ဆောက်မှု ပြီးစီးတော့မည်ဟုဆို

**ပေကျင်း ဇူလိုင် ၂**

တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်နယ်မြေ အငြင်းပွားလျက်ရှိသော ရေပြင်အတွင်း ကျောက်တန်းတစ်ခုပေါ်၌ တရုတ်နိုင်ငံ တည်ဆောက်လျက်ရှိသည့် လေယာဉ်ပြေးလမ်းတစ်ခုမှာ ပြီးစီးလုနီး အနေအထားတွင် ရှိနေပြီဖြစ်ကြောင်း အမေရိကန်သုတေသနဌာနတစ်ခုက ပြောကြားသည်။

ဖာရီခရော့စ် ကျောက်တန်းအမည်ရှိ ကျွန်းတန်းပေါ်တွင် မီတာ ၃၀၀၀ (ပေ ၉၈၀၀)အရှည်ရှိ လေယာဉ်ပြေးလမ်း တည်ဆောက်ထားပုံကို ဇူလိုင် ၁ ရက် ဂြိုဟ်တုဓာတ်ပုံတစ်ပုံတွင် တွေ့ရှိရကြောင်း အမေရိကန် မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနက ပြောကြားသည်။

စပရက်လီကျွန်းစုဒေသရှိ ကျောက်တန်းများကို အခြေပြုကာ တရုတ်နိုင်ငံက ကျွန်းတုများ ဖော်ထုတ်သည့် စီမံကိန်းတစ်ရပ်နှင့် ပတ်သက်၍ မကြာသေးမီက လူသိရှင်ကြား သတင်းပေါ်ထွက်လာခဲ့သော်လည်း လေယာဉ်ပြေးလမ်း တည်ဆောက်မှုကို လျင်မြန်စွာ ပြုလုပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ ယင်းလုပ်ဆောင်ချက်နှင့် ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် သာမက အမေရိကန်ပြည်ထောင်စုနှင့်ပါ တင်းမာမှုများ ပေါ်ထွက်ခဲ့ကြောင်း အဆိုပါဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ကျွန်းတုတည်ရာနယ်မြေရှိ ရေမိုင် ၁၂ မိုင် အကွာအဝေးအတွင်း စစ်သင်္ဘောများ စေလွှတ်ရန်နှင့် ကင်းထောက်စစ်လေယာဉ်များ စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါ ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

ဖာရီခရော့စ် ကျောက်တန်းဒေသအလယ်ရှိ ရေအိုင်တစ်အိုင်ကို မြေဖို့ကာ ပင်လယ်ဆိပ်ကမ်းတစ်ခုကို တစ်စိတ်တစ်ဒေသ ဖော်ထုတ်ထားကြောင်း၊ ကုန်အတင်အချ ပြုလုပ်နိုင်သော ယာယီဆိပ်ခံတံတား ကိုးစင်းကိုလည်း တွေ့ရကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

**ပီတီအိုင်။**



# ဖိလစ်ပိုင်တွင် သင်္ဘောတိမ်းမှောက်မှုကြောင့် လူ ၃၆ ဦးသေ

**မနီလာ ဇူလိုင် ၂**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် လှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် ခရီးသည်နှင့်အမှုထမ်း ၁၈၉ ဦး လိုက်ပါလာသော သင်္ဘောတစ်စင်းတိမ်းမှောက်ခဲ့ရာ လူ ၃၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများစုမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့က ယနေ့တွင် ပြောကြားသည်။

ခရီးသည် ၁၇၃ ဦးနှင့် အမှုထမ်း ၁၆ ဦးလိုက်ပါလာသော အဆိုပါ MBCA Kim-Nirvana သင်္ဘောမှာ အော်မော့ခ်ဆိပ်ကမ်းမှ ထွက်ခွာလာပြီးနောက် မိနစ်ပိုင်းအကြာတွင် ရုတ်တရက် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ သင်္ဘောပေါ်ပါလူ ၁၂၇ ဦးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့ပြီး ၂၆ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အာမန်ဘာလီလိုက ပြောကြားသည်။

အော်မော့ခ်ဆိပ်ကမ်းမှ ဆီဘူပြည်နယ်အလယ်ပိုင်း ကာမုတ်စ်ကျွန်းသို့ ဦးတည်သွားနေသော အဆိုပါသင်္ဘောမှာ လှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သင်္ဘောမတော်တဆ ဖြစ်ပွားမှုများကြောင့် နှစ်စဉ်လူပေါင်းများစွာ သေဆုံးခဲ့ရသည့်အတွက် ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ပတ်သက်၍ ဆိုးရွားသောမှတ်တမ်းများစွာရှိကြောင်း သိရသည်။

**ရိုက်တာ။**



# ရီဘာရီနေရာတွင် အစားထိုးရန် ကော်စတာအားခေါ်ယူခဲ့ခြင်းမဟုတ်



ဘိုင်ယန်အားကစားဒါရိုက်တာ ဆမ်မားက ဘရာဇီးကစားသမား ဒေါက်ဂလက်စ်ကော်စတာအား ခေါ်ယူခဲ့ခြင်းမှာ ဒဏ်ရာပြဿနာများ ရင်ဆိုင်နေရသော ရီဘာရီ၏ နေရာကို အစားထိုးရန်ဆိုသည့် သတင်းများမှာ အဓိပ္ပာယ်မရှိသော ကောလာဟလများသာဖြစ်သည်ဟု ငြင်းဆန်ပယ်ချခဲ့သည်။

ကော်စတာသည် ဇူလိုင် ၁ ရက်က ပြောင်းရွှေ့ကြေး ပေါင် ၂၁ သန်းဖြင့် ရှက်တာဒိုးနက်ခ်အသင်းမှ ဘိုင်ယန်သို့ ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ အသက်(၂၄)နှစ်အရွယ်ရှိ ကော်စတာသည် ညာတောင်ပံတိုက်စစ်နေရာတွင် ထူးချွန်စွာ ကစားနိုင်သူဖြစ်သော်လည်း ဆမ်မားကမူ ကာလကြာရှည်စွာ ဒဏ်ရာပြဿနာများဖြင့် ရှန်းကန်နေရသော တောင်ပံကစားသမား ရီဘာရီနေရာ၌ အစားထိုးရန်အတွက် ခေါ်ယူခဲ့ခြင်းမဟုတ်ဟု အာမခံချက်ပေးခဲ့သည်။

ဆမ်မားက "ကော်စတာဟာ နေရာစုံမှာ ကစားနိုင်တဲ့ စွယ်စုံရကစားသမားမျိုးပါ။ သူ့ကို ခံစစ်မှာထားပြီး ကစားစေနိုင်သလို တိုက်စစ်ကိုလည်း ချက်ချင်းလိုက်ပါပြောင်းလဲပြီးကစားခိုင်းလို့ရပါတယ်။ ရီဘာရီနေရာမှာ အစားထိုးဖို့ ခေါ်ယူတယ်ဆိုတဲ့သတင်းတွေဟာ ဘိုင်ယန်အတွက် အချိန်အကြာကြီးပေးဆပ်လာခဲ့တဲ့ ကစားသမားတစ်ဦးအပေါ် မလေးစားရာရောက်စေတဲ့ ကောလာဟလတွေပါ။ သူက ဒဏ်ရာပြဿနာတွေကြောင့် အသင်းနဲ့အတူ လေ့ကျင့်ခန်း လာရောက်မဆင်းပေးနိုင်ပေမယ့် သူဟာ အခုထိဘိုင်ယန်အသင်းသားတစ်ယောက်အဖြစ် ရှိနေဆဲပါပဲ။ သေချာတာက ကော်စတာကိုခေါ်ယူခဲ့တာက ရီဘာရီနေရာကို အစားထိုးဖို့လုံးဝမဟုတ်ပါဘူး" ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆမ်မားက အသင်း၏ ကွင်းလယ်ကစားသမား ရှုဝိန်းစတိုင်ဂါအား မန်ယူမှ အလိုရှိနေသော်လည်း ကစားသမားကိုယ်တိုင်က ၁၉၉၈ ခုနှစ်ကတည်းက ကစားခဲ့သည့် ဘိုင်ယန်မှထွက်ခွာရန် ဆန္ဒမရှိကြောင်းဆိုခဲ့သည်။ **(မေလှဲသင်း)**

# ရှက်တာဒိုးနက်ခ် ကွင်းလယ်လူ ကော်စတာအား ဘိုင်ယန်မြူးနစ်ခေါ်ယူ



ဂျာမန်ဘွန်ဒက်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ရှက်တာဒိုးနက်ခ်အသင်းမှ ဘရာဇီး ကွင်းလယ်ကစားသမား ဒေါက်ဂလက်စ် ကော်စတာအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၄)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမား ဒေါက်ဂလက်စ် ကော်စတာသည် နည်းပြဂွါဒီယိုလာ၏ ဘိုင်ယန်မြူးနစ်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းဖြင့် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုတော့ ကျွန်တော့်အိပ်မက်တွေ တကယ်ဖြစ်လာပါပြီ"ဟု ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ကွင်းလယ်ကစားသမား ဒေါက်ဂလက်စ်ကော်စတာက ပြောကြားခဲ့သည်။ ဒေါက်ဂလက်စ်ကော်စတာသည် ဘရာဇီးအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်း ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ထိုသို့ ကွင်းလယ်ကစားသမား ဒေါက်ဂလက်စ်ကော်စတာ ရောက်ရှိလာခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသည့် ကွင်းလယ်ကစားသမား ရှုဝိန်းစတိုင်ဂါအတွက်လည်း ဖိအားတစ်ရပ် ဖြစ်လာစေခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ရှုဝိန်းစတိုင်ဂါသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ပွဲပေါင်း ၂၀ သာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၂၀၀၂ ခုနှစ်မှ စတင်ကာ ၎င်း၏ ပွဲထွက်ကစားခွင့်မှာ တဖြည်းဖြည်းလျော့နည်းလာခဲ့ရသည်။

ဘိုင်ယန်မြူးနစ် အသင်းနည်းပြ ဂွါဒီယိုလာသည် ရီဘာရီ၊ အယ်လ်ကန်တာရာ၊ ဇာဗီအလွန်ဆို၊ ဂျာဗီမာတီနက်ဇ်၊ ရှုဝိန်းစတိုင်ဂါ စသည့် ကွင်းလယ်ကစားသမားများနှင့်အတူ ကွင်းလယ်အားကို အများအပြား အသုံးပြုကာ ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် (၂၅)ကြိမ်မြောက် ဘွန်ဒက်လီဂါဖလားကို ရယူဆွတ်ခူးပေးခဲ့သူဖြစ်သည်။

ထို့ကြောင့် ဂွါဒီယိုလာအနေဖြင့် ရှက်တာဒိုးနက်ခ်အသင်းနှင့်အတူ ပွဲပေါင်း ၁၄၉ ပွဲကစားကာ သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် ဒေါက်ဂလက်စ်ကော်စတာအား ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကော်စတာသည် ရှက်တာဒိုးနက်ခ်အသင်းနှင့် ဆုဖလားငါးလုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့သည်။

**(နိုင်လင်းကြည်)**

## အားကစားလောက သတင်းတိုများ

- ယခင်ရီးယဲလ်ဥက္ကဋ္ဌဟောင်း ကယ်လ်ဒါရွန်က ရာမို့စ်အနေဖြင့် ရီးယဲလ်မှ ထွက်ခွာကာ မန်ယူသို့ပြောင်းရွှေ့ကစားရန်စိတ်အားထက်သန်နေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘာစီလိုနာသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလ၌ ဒုတိယမြောက်ခေါ်ယူမှုအဖြစ် အက်သလက်တီကိုအသင်းမှ အာဒါတူရန်ကို ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။
- ဗလင်စီယာနောက်ခံလူ အော်တာမန်ဒီအားရီးယဲလ်သို့ ပြောင်းရွှေ့ကစားခွင့်မရရှိအောင် တတ်နိုင်သမျှ တားဆီးသွားမည်ဟု ကန်ဒီနာကုပ်က ဆိုခဲ့သည်။
- အင်္ဂလန်အမျိုးသမီးဘောလုံးနည်းပြ မာ့ခ်ဆင်ပဆန်က အင်္ဂလန်အမျိုးသမီးအသင်းသည် အကြိုဗိုလ်လုပွဲ၌ လက်ရှိချန်ပီယံဂျပန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းမရှိသော်လည်း နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခဲ့မှုအပေါ် ဂုဏ်ယူမိကြောင်း ချီးကျူးပြောကြားခဲ့သည်။
- ဗလင်စီယာဥက္ကဋ္ဌဆယ်လ်ဗိုသည် ပုဂ္ဂိုလ်ရေးနှင့် မိသားစုအရေးကိစ္စရပ်များအကြောင်းပြကာ လက်ရှိရာထူးမှ နုတ်ထွက်ခဲ့သည်။
- မန်ယူအသင်းမှ အလိုရှိနေသော ဒေါ့မွန်ကွင်းလယ်လူ ဂန်ဒိုဂန်သည် ကလပ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုကာ နည်းပြသစ် တက်ရှဲလ်လက်အောက်တွင် ဆက်လက်ကစားသွားမည်ကို အတည်ပြုပေးခဲ့သည်။
- အာဂျင်တီးနားနည်းပြ မာတီနိုက ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ကိုပါအမေရိက အကြိုဗိုလ်လုပွဲစဉ်၌ မက်ဆီမှာ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ယင်းနိုင်ပွဲအတွက် မည်မျှအရေးပါခဲ့သည်ကို အားလုံးမြင်တွေ့ရပြီးဖြစ်သည်ဟု ချီးကျူးစကားဆိုခဲ့သည်။
- ရီးယဲလ်နည်းပြသစ် ဘင်နီတက်ဇ်က ဂျူဗင်တပ်တိုက်စစ်မှူး လောရန်တေးအားခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု စပိန်သတင်းစာ မာကာက ဖော်ပြသည်။

# ဂျူဗင်တပ်နှင့် ဘာစီလိုနာကြားသဘောတူညီခဲ့ကြသည့် ပေါ့ဘာအပြောင်းအရွှေ့

ပေါ့ဘာအနေဖြင့် ၂၀၁၆ နွေရာသီ အပြောင်းအရွှေ့ကာလတိုင်အောင် လာလီဂါသို့ပြောင်းရွှေ့ခြင်းမပြုဘဲ ယင်းကာလနောက်ပိုင်းတွင် ဘာစီလိုနာသို့ သေချာပေါက် သွားရောက်ကစားမည့် သဘောတူညီမှုတစ်ရပ်ကို ဇူလိုင် ၁ ရက်က ဂျူဗင်တပ်နှင့် ဘာစီလိုနာတာဝန်ရှိသူများအကြား မီလန်မြို့၌တွေ့ဆုံကာ ပြုလုပ်ခဲ့ကြသည်ဟု စပိန်သတင်းစာ ဒီယာရီယိုက ဖော်ပြသည်။



ပေါ့ဘာအတွက် ဘာစီလိုနာဘက်မှ ပြောင်းရွှေ့ကြေးယူရိုသန်း ၈၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဂျူဗင်တပ်တာဝန်ရှိသူများက ပယ်ချခဲ့သောကြောင့် တစ်နှစ်အတွင်း ဂျူဗီမှမထွက်ခွာရေးသဘောတူညီချက်ဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

အသက်အရွယ်ငယ်သေးသော်လည်း ခြေစွမ်းခြေစကောင်းမွန်လွန်းသည့် ပေါ့ဘာအား မန်ယူ၊ မန်စီးတီး၊ ပီအက်စ်ဂျီ၊ ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာစသည့် ဥရောပ ထိပ်တန်းအသင်းကြီးများက အပြိုင်အဆိုင်ခေါ်ယူလိုနေကြပြီး ဂျူဗင်တပ်ကလည်း လက်လွှတ်မခံလိုပေ။ သို့သော် ကစားသမားကိုယ်တိုင်ကပင် ဂျူဗီမှထွက်ခွာကာ ဘာစီလိုနာသို့ပြောင်းရွှေ့ကစားရန်ဆန္ဒပြင်းပြနေရာ ယင်းယေဘုယျ သဘောတူညီချက်ဖြင့် အီတလီမြေ၌ တစ်နှစ်တာကာလ ဆက်ရှိနေစေရန် ဂျူဗီဘက်မှ လျှော့ဈေးပေးကာ သဘောတူညီခြင်းဖြစ်သည်။

ဂျူဗင်တပ်နည်းပြအယ်လီဂရီက ဥက္ကဋ္ဌ မာရော့တာအား ပေါ့ဘာကို ရောင်းချခြင်းမပြုရန်တောင်းဆိုထားသော်လည်း ပေါ့ဘာအနေဖြင့် ဂျူဗင်တပ်၌ နောက်ထပ် ဘောလုံးရာသီတစ်ရာသီသာ ဆက်ရှိနေမည်ဖြစ်သည်။ **(မေလှဲသင်း)**



# ဝင်ဘယ်လ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆရီနာနှင့် ရှာရာပိုဗာ တတိယအဆင့်တက်လှမ်း



ကမ္ဘာ့နံပါတ်(၁) တင်းနစ်မယ် ဆရီနာဝီလျံနှင့် ကမ္ဘာ့အဆင့်(၄)နေရာရှိ ရုရှားတင်းနစ်မယ် မာရီယာ ရှာရာပိုဗာတို့သည် ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများတွင် နိုင်ပွဲအသီးသီးရရှိကာ တတိယအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ဟန်ဂေရီတင်းနစ်မယ် ဘာဘိုစ်အား ၆-၄၊ ၆-၁ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ပြီး တတိယအဆင့်တွင် ဗြိတိန်တင်းနစ်မယ် ဟယ်သာဝက်ဆင်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၀၄ ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းချန်ပီယံ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာမှာမူ နယ်သာလန် တင်းနစ်မယ် ဟိုဂျန်ကမ့်အား ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် ဘီဂူးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များတွင် ဆရီနာဝီလျံနှင့် ရှာရာပိုဗာတို့အပြင် ဗစ်တိုးရီးယားအဇာရန်ကာနှင့် ဗီးနပ်စ်ဝီလျံတို့သည်လည်း ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ယခင် နာမည်ကျော် ဆားဗီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်မှာမူ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကြီးကို လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။

**(ငွေကြယ်)**

## တောင်ငူမြို့နယ်တွင် အုပ်စုဖွဲ့ဆိုင်ကယ်ခိုးယူသူများအား ဖမ်းဆီးရမိ

**တောင်ငူ ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ သက်ဆိုင်ရာနယ်မြေရဲစခန်းများအလိုက် ခိုးယူသူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဇွန်လနောက်ဆုံးပတ်က တောင်ငူမြို့နယ် ကျွန်းကုန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဂျော်နီသိန်း ဦးစီးအဖွဲ့သည် ကြာအင်းကျေးရွာမှ ရန်ကုန်-မန္တလေးကားလမ်းပေါ်သို့တက်လာသော ဝင်းအောင်အား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ စစ်မေးရာမှ ဆိုင်ကယ်ခိုးယူရောင်းချမှုများအား ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဝင်းအောင်၏ ထွက်ဆိုချက်များအရ ၎င်းနှင့်အတူ ဆိုင်ကယ်များ ခိုးယူရောင်းချသူများဖြစ်ကြသည့် ရဲလင်းဖြိုး(ခ) ကိုဖြိုး(၂၁)နှစ် အင်ဒိုင်းကျေးရွာ ရေတာရှည်မြို့နယ်၊ ကျော်ရဲအောင်(ခ)ကိုဖြိုး(၂၉)နှစ် (၂၁)ရပ်ကွက် တောင်ငူမြို့၊ ဇော်ပိုင်(ခ)ဂတုံး(ခ)ဇေယျာဖြိုး(၂၉)နှစ် (၁၈)ရပ်ကွက် တောင်ငူမြို့၊ သန့်ဇင်ထွန်း(ခ)ပူစီ(ခ) ကုလားလေး(၂၄)နှစ် တောင်ငူမြို့တို့ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ထွက်ဆိုချက်များအရ အရှည်ကြီး(ခ)အောင်အောင်၊ နေလင်းအောင်(ခ)နေကြီး (၂၁)ရပ်ကွက် တောင်ငူမြို့နယ်နေသူတို့နှစ်ဦး ပါဝင်ကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူများသည် တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်များမှ ဆိုင်ကယ် ၂၁ စီး **(အောက်ပုံ)** ကိုခိုးယူခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**





## စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁ ရက်က ဖားကန့် မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာရပ်ကွက်(၅)ရှိ ဒေါ်ကိုင် (၆၀)နှစ်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မိုးမင်းဇော် (၂၃) နှစ်၊ နော်လောန် (၂၇)နှစ် တို့အား တွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော ယာဉ်အမှတ် ၃ခ/--- အဖြူရောင် လင်ခရူဇာ(လိုင်စင်မဲ့)မော်တော်ယာဉ်နောက်ခန်းအတွင်းမှ ဘိန်းဖြူအလေးချိန် ၄ ဒသမ ၄၇၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၅၀၀ တို့ကို သိမ်းဆည်းရမိကြောင်းသိရသည်။

**(ကြေးမုံ)**

## ကော့ကရိတ်မြို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ကော့ကရိတ် ဇူလိုင် ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်အောင်ဦး ဦးစီးသောအဖွဲ့သည် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် စက်ကုန်းရပ်ရှိ ဒေါ်နွယ်သီတာလွင်(၄၅)နှစ်၏ နေအိမ်ကို ဇွန်လနောက်ဆုံးပတ်အတွင်းက ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်နွယ်သီတာလွင်ထံမှ စိတ်ကြွဆေးပြား ၃၁ ပြားနှင့် ငွေကျပ် ၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကွင်းဆက်တရားခံများကိုစုံစမ်းဖော်ထုတ်ခဲ့ရာ ဒေါ်နုခင် (၄၇)နှစ်ထံမှ စိတ်ကြွဆေးပြား ၁၉၈ ပြားကိုထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ ကော့ကရိတ်မြို့မ ရဲစခန်းက အမှုဖွင့်ထားပြီးကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**




# မော်တော်ယာဉ်ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည် )

မော်တော်ယာဉ်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)
၁၃၇၇ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကိုမော်တော်ယာဉ်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မော်တော်ယာဉ်**ဆိုသည်မှာစက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကို ဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သော ဘီးတပ်ယာဉ်ကိုဆိုသည်။

(ခ) **နောက်တွဲယာဉ်**ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ဆွဲသည့် သို့မဟုတ် ဆွဲရသည့် ယာဉ်တစ်ခုခုကို ဆိုသည်။

(ဂ) **လိုင်စင်ထုတ်ပေးသူအရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဃ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မော်တော်ယာဉ်များကို မှတ်ပုံတင်ရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကိုဆိုသည်။

(င) **မော်တော်ယာဉ်မှတ်ပုံတင်အထောက်အထား**ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၏အချက်အလက်များပါဝင်သောမော်တော်ယာဉ်မှတ်ပုံတင်ထားသူအား ထုတ်ပေးသည့် မှတ်တမ်းအထောက်အထားကိုဆိုသည်။

(စ) **မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်**ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်းနှင့် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်နိုင်ကြောင်းအသိအမှတ်ပြုထုတ်ပေးသော အထောက်အထားကိုဆိုသည်။

(ဆ) **မော်တော်ယာဉ်မှတ်ပုံတင်သူ**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်ပိုင်ရှင်**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် ဖော်ပြခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ် လက်ရှိဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ၊ ထို့ပြင် သဘောတူစာချုပ်အရ အဆိုပါမော်တော်ယာဉ်ကို လက်ရှိဖြစ်သူတို့လည်း ပါဝင်သည်။

(ဈ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်**ဆိုသည်မှာ လူ သို့မဟုတ် ကုန်စည်ကို အဖိုးအခရယူ၍ သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကိုဆိုသည်။

(ည) **မော်တော်ယာဉ်၏အဓိကအစိတ်အပိုင်း**ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ပေါင်၊ ဝင်ရိုးကိုဆိုသည်။

(ဋ) **ဝန်တင်အား**ဆိုသည်မှာ မော်တော်ယာဉ်တွင်ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့်ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည်အရေအတွက် စုစုပေါင်းကိုဆိုသည်။

(ဌ) **မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းကဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်**ဆိုသည်မှာမော်တော်ယာဉ်ကို စစ်ဆေး၍ မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသောအထောက်အထားကိုဆိုသည်။

(ဎ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား**ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့်အနောက် သို့မဟုတ် သတ်မှတ်ထားသည့်နေရာများတွင် တပ်ဆင်အသုံးပြုရန် သတ်မှတ်ထားသည့်ပုံစံ၊ အရွယ်အစား၊ အရောင်များနှင့်အညီ ရိုက်နှိပ်ရေးသားထားသော အရာကိုဆိုသည်။

(ဏ) **အများပြည်သူဆိုင်ရာနေရာ** ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသောလမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြောင်းနှင့် အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသော နေရာကို ဆိုသည်။

(တ) **လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ** ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများအပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြိုးကြပ်ခြင်းများပြုလုပ်ရန် ရေးသားထားသော သို့မဟုတ် စိုက်ထူထားသော သို့မဟုတ် တပ်ဆင်ထားသော အချက်ပြအမှတ်အသား ကိရိယာကိုဆိုသည်။

(ထ) **ယာဉ်မောင်းလိုင်စင်**ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြားဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစား တစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် အထောက်အထားတစ်ခုခုကို ဆိုသည်။

(ဒ) **ယာဉ်အကူလက်မှတ်**ဆိုသည်မှာ ခရီးသည်တင်မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်သူကိုထုတ်ပေးသည့် အထောက်အထားတစ်ခုခုကို ဆိုသည်။

(ဓ) **မော်တော်ယာဉ်နှင့်စပ်လျဉ်းသောပတ်ဝန်းကျင်ထိန်းသိမ်းရေး** ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်း၊ အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မော်တော်ယာဉ်များကိုအများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီစစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှုရှိ၊ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများသွားလာမှုလွယ်ကူချောမွေ့စေရန်နှင့်ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေး စနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလျော့နည်းစေရေးဆောင်ရွက်ရန်။

**အခန်း(၃)**
**မော်တော်ယာဉ်မှတ်ပုံတင်ခြင်း**

၄။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ထားရှိရမည်။

၅။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

၆။ မည်သည့်မော်တော်ယာဉ်မဆို စက်ချွတ်ယွင်းနေလျှင်ဖြစ်စေ၊ ပုဒ်မ ၅ ပါ လိုအပ်ချက်များနှင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်သော်လည်းကောင်း မညီညွတ်လျှင်ဖြစ်စေ၊ လျှောက်ထားသူက ယင်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးသည့် အကြောင်းအရာများကို ဖော်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် ယင်းမော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရ။

၇။ ဦးစီးဌာနသည် မော်တော်ယာဉ်ကနဦး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းချက်များသတ်မှတ်ရမည်။ ထို့ပြင် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ခြင်း၊ အခြားမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသော စည်းကမ်းချက်များကိုလည်း သတ်မှတ်ရမည်။

၈။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးရန်လည်းကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မအရပြုလုပ်သည့် ယာယီမှတ်ပုံတင်ခြင်းမှာ သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်သာ အတည်ဖြစ်စေရမည်။ ယင်းသို့ ယာယီမှတ်ပုံတင်ခြင်းကို အသစ်တစ်ဖန် ပြုလုပ်ခွင့်မရှိစေရ။

၉။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည်တည်ဆောက်မှုပုံသဏ္ဌာန်နှင့်ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၀။ မော်တော်ယာဉ်မှတ်ပုံတင်သူသည်မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများဆောင်ရွက်လိုလျှင်မှတ်ပုံတင်အရာရှိထံ ကြိုတင်လျှောက်ထားရမည်။

၁၁။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင်မျှ မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ မပြုရ။

၁၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ အရ လျှောက်ထားသည့်ကိစ္စကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရမည်။

၁၄။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ၊ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်သူအမည်ပြောင်းလဲရေး ဆောင်ရွက်ရမည်။

၁၅။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် နေရပ်လိပ်စာပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့်နေရပ်လိပ်စာကိုမှတ်တမ်းတင်ရန် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၆။ ဝန်ကြီးဌာနသည်မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းကို သတ်မှတ်ပေးရမည်။

**အခန်း(၄)**
**မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း**

၁၇။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကိုခေတ္တရပ်စဲနိုင်သည်-

(က) မော်တော်ယာဉ်တွင်အများပြည်သူကိုအန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောချွတ်ယွင်းချက်များစစ်ဆေးတွေ့ရှိခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်သူကိုဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲလာရောက်ရန်ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိက အစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း၊

(ဃ) သက်ဆိုင်ရာဌာန သို့မဟုတ် မော်တော်ယာဉ်နှင့်သက်ဆိုင်သူက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၁၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကိုဖျက်သိမ်းရမည်-

(က) မော်တော်ယာဉ်ကိုအန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍မရနိုင်သည်အထိပျက်စီးခြင်း၊

(ခ) မော်တော်ယာဉ်ကိုမြန်မာနိုင်ငံပြင်ပသို့အပြီးအပိုင် ယူဆောင်သွားခြင်း၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသဖြင့် အသစ်လဲလှယ်ရန် တစ်ဆက်တည်း ၅ နှစ်ပျက်ကွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနမှ သတ်မှတ်သည့် မော်တော်ယာဉ်သက်တမ်းကျော်လွန်ခြင်း၊

(င) ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်အမျိုးအမည်၊ ခုနှစ်ပုံစံ၊ ခွင့်ပြု၍မရသောပုံစံအနေအထား၊ ကိုယ်ထည်ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(စ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန်မှတ်ပုံတင်သူက အထောက်အထားခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

၁၉။ (က) မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြု၍သော်လည်းကောင်း၊ ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ထုတ်မပေး၍သော်လည်းကောင်း၊ ပုဒ်မ ၆ အရ ငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၂ အရ ငြင်းဆိုသည့်အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၈ အရ ခေတ္တရပ်စဲသည့် သို့မဟုတ် ဖျက်သိမ်းသည့်အမိန့်ကြောင့်ဖြစ်စေ နစ်နာသည့်မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည် အဆိုပါအမိန့်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့် အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၅)**
**မော်တော်ယာဉ်မောင်းလိုင်စင်နှင့်ယာဉ်အကူလက်မှတ်များထုတ်ပေးခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်း**

၂၀။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင်အမျိုးအစားအား သတ်မှတ်ရမည်။

၂၁။ ယာဉ်မောင်းလိုင်စင်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၂။ လိုင်စင်ထုတ်ပေးသူအရာရှိသည်-

(က) တစ်ဦးတစ်ယောက်သောသူနှင့်ပတ်သက်၍ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။ ထို့ပြင် ယာဉ်မောင်းလိုင်စင်လက်ရှိထားရန်သော်လည်းကောင်း ရရှိရန်သော်လည်းကောင်း သီးခြားဖော်ပြသည့်ကာလအပိုင်းအခြားအတွက် အရည်အချင်းပျက်ယွင်းကြောင်း သတ်မှတ်ခြင်းတို့ ပြုနိုင်သည်-

(၁) ရောဂါ သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၂) စိတ်ကျန်းမာကြံ့ခိုင်ခြင်းမရှိသဖြင့် အများပြည်သူဆိုင်ရာ နေရာတွင် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၃) မော်တော်ယာဉ်မောင်းနှင်ရေးနှင့်စပ်လျဉ်း၍ ပြစ်မှုမကြာခဏ ကျူးလွန်တတ်သူ သို့မဟုတ် အရက်သေစာ အလွန်အကျူး အမြဲတစေ မူးယစ်သောက်စားလေ့ရှိသူဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

(၄) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(၅) ဤဥပဒေအရဖြစ်သော ပြစ်မှုအတွက် သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ ထိုသို့ပြစ်မှုထင်ရှား စီရင်သည့် တရားရုံးက ယာဉ်မောင်း လိုင်စင်ထုတ်မပေးရန် သို့မဟုတ် ရုပ်သိမ်းရန် သို့မဟုတ် ခေတ္တရပ်စဲရန် အဆိုပြုခြင်းခံရသူ ဖြစ်ခြင်း။

(ခ) ယင်းသို့ ငြင်းဆိုရခြင်း သို့မဟုတ် ခေတ္တရပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းရခြင်း သို့မဟုတ် သတ်မှတ်ရခြင်းအကြောင်းများကို စာဖြင့်ရေးမှတ်ထားရမည်။

၂၃။ ဦးစီးဌာနသည် ယာဉ်မောင်းလိုင်စင်အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သတ်မှတ်ချက်များနှင့်အညီစစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၅။ ဦးစီးဌာနသည် ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ ယာဉ်အကူလက်မှတ်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပုဒ်မ ၂၆ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်းပြုနိုင်သည်။

၂၈။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ် ကိုင်ဆောင်သူက သတ်မှတ်ထားသည့်စည်းကမ်းကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစားပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် လိုင်စင် အမြဲတမ်းရုပ်သိမ်းခြင်း ကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

၂၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ ပြဋ္ဌာန်းချက် တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်အကူကို ကာလသတ်မှတ်၍ ယာဉ်အကူလက်မှတ် ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ယာဉ်အကူလက်မှတ် အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။

၃၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဖွင့်လှစ်လိုသူသည်လုပ်ငန်းလိုင်စင်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ၃၀ အရလျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၂။ ပုဒ်မ ၂၃၊ ၂၄၊ ၂၅ သို့မဟုတ် ၃၁ အရ ငြင်းပယ်သည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၃။ (က) ပုဒ်မ ၂၃၊ ၂၄၊ ၂၅ သို့မဟုတ် ၃၁ အရ ချမှတ်သည့် အမိန့်မှအပ ဤအခန်းအရ ချမှတ်သည့် အခြားအမိန့် တစ်စုံတစ်ရာအပေါ် ကျေနပ်မှုမရှိသူသည် အဆိုပါ အမိန့်ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့်အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၆)
## မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စစ်ဆေးခြင်း

၃၄။ ဦးစီးဌာနသည် မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်း၊မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စည်းကမ်းချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ရမည်။

၃၅။ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ၃၅ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၇။ ပုဒ်မ ၃၅ အရလုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုသည့် အမိန့်ကို ကျေနပ်မှု မရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၇)
## ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များ

၃၈။ ဝန်ကြီးဌာနသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်နိုင်ရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်း၍ ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

၃၉။ (က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကိစ္စရပ်များကို မထိခိုက်စေရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီသည် ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီနှင့် မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီအသီးသီးကို ဖွဲ့စည်း၍ ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၄၀။ ဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များကိုဆောင်ရွက်ရမည် -

(က) ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ်နှင့် အရေအတွက် သတ်မှတ်ခြင်း၊

(ခ) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် သွားလာခွင့်ရှိသည့် နေရာဒေသသတ်မှတ်ခြင်း၊

(ဂ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း။

၄၁။ ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခငွေများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ မော်တော် ယာဉ်ကနဦးမှတ်ပုံတင်ခ၊ နှစ်လဲယာဉ်မှတ်ပုံတင်ခ၊ ယာဉ်စစ်ဆေးခနှင့် အခြားမှတ်ပုံတင်အခငွေများ၊

(ခ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ မှတ်ပုံတင်ခ၊ စစ်ဆေးခနှင့် အခြားယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(ဂ) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် ယာဉ်မောင်းသင်တန်းကျောင်းဖွင့်လှစ်ခြင်းဆိုင်ရာ အခငွေများ။

၄၂။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် အခငွေနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေးငွေပမာဏများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း ပြုနိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ မိမိ၏ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ အသီးသီးသို့ သင့်လျော်သလို လွှဲအပ်ဆောင်ရွက်နိုင်သည်။

## အခန်း(၈)
## ဦးစီးဌာန၏လုပ်ပိုင်ခွင့်များ

၄၅။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများသတ်မှတ်ခြင်း၊

(ဃ) ပြည်ပမှ ခေတ္တရောက်ရှိလာသော မော်တော်ယာဉ်၊ ပြည်ပသို့ ခေတ္တထွက်ခွာသွားမည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ မောင်းနှင်ခွင့် သုံးစွဲခွင့်စည်းကမ်း သတ်မှတ်ခြင်း၊

(ဇ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဋ) လမ်းများအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သက်ဆိုင်ရာသို့ အကြံပြုခြင်း၊

(ဌ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်မတော်တဆမှုများနှင့်ပတ်သက်၍လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဎ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း(၉)
## တားမြစ်ချက်များ

၄၆။ မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်ထားခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ထားသော်လည်း မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် ရပ်စဲခြင်းခံထားရလျှင်ဖြစ်စေ၊ သိမ်းဆည်းခြင်းခံထားရလျှင်ဖြစ်စေ၊ မှတ်ပုံတင် ဖျက်သိမ်းထားလျှင်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသမထားလျှင်ဖြစ်စေ မည်သူမျှအများပြည်သူဆိုင်ရာ နေရာတွင် မောင်းနှင်ခြင်းမပြုရ။ ထို့ပြင် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူသည် အဆိုပါမော်တော်ယာဉ်ကို မောင်းနှင်စေခြင်း သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၄၇။ ခရီးသည်မှအပ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှုအာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။

၄၈။ (က) မည်သူမျှသတ်မှတ်သည့်နည်းလမ်းအတိုင်း မိမိအားထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်လက်ရှိမထားလျှင် မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရ။

(ခ) မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမျှ ယင်းမော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင်ရရှိမထားသူတစ်ဦးဦးအား မောင်းနှင်စေခြင်းမပြုရ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

၄၉။ မည်သူမျှအများပြည်သူဆိုင်ရာနေရာတွင် ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၅၀။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ အရမ်းမောင်းနှင်ခြင်း၊

(ခ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်း အောက်လျှော့၍မောင်းနှင်ခြင်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မူးယစ်ဆေးဝါးသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(င) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

၅၁။ မည်သူမျှလုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၂။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်းမပြုရ။

၅၃။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၄။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင်ပြုလုပ်ခြင်း၊

(ခ) မော်တော်ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊

(ဂ) မမှန်ကန်သောမော်တော်ယာဉ်နံပါတ်ပြားကို မော်တော်ယာဉ်တွင် တပ်ဆင်အသုံးပြုခြင်း။

၅၅။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ယာဉ်အကူလက်မှတ်မရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကိုမောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့်အခါ မောင်းနှင်ခြင်း၊

(ဂ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မော်တော်ဆိုင်ကယ်ကို စီးနင်းစဉ် မော်တော်ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ မောင်းနှင်မှုမပြုခြင်း၊

(င) ခြေကျင်လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(စ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း၊

၅၆။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်လွှဲပြောင်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်လွှဲပြောင်းသည့်နေ့ရက် သို့မဟုတ် အရောင်းအဝယ်စာချုပ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်သူ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ် ပိုင်ဆိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန်တရားဝင်ပိုင်ဆိုင်ခွင့် ရရှိသည့်ရက်မှရက်ပေါင်း ၃၀အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း။

(ဂ) မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန် လျှောက်ထားရာတွင်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

မော်တော်ယာဉ် လွှဲပြောင်းခြင်းစာချုပ်၌အချက်အလက်တစ်စုံတစ်ရာ ကို မမှန်မကန် ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း။

၅၇။ မည်သူမျှ ဦးစီးဌာနကထုတ်ပေးသည့် စာတမ်းအမှတ်အသားကို အတုအပပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုရ။

၅၈။ မည်သူမျှဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို သက်ဆိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တွင် ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် သုံးစွဲစေခြင်းမပြုရ။

၅၉။ မည်သူမျှ အခြားသူတစ်ဦးဦး၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

## အခန်း(၁၀)
## ပြစ်ဒဏ်များ

၆၀။ (က) မည်သူမဆို ပုဒ်မ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊၅၀ နှင့် ၅၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ဤပုဒ်မပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယခင်က ဤပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်းတစ်ဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၄ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၅။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ် ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၉။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုပြစ်မှုအတွက် ဤဥပဒေ၌ သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားပါက ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၇၀။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန်အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း(၁၁)
## လျော်ကြေးငွေပေးဆောင်ခြင်း

၇၁။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခုပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန်လုံလောက်သည့်လျော်ကြေးငွေ ပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင်ပစ္စည်းပိုင်ရှင်နှင့်ပြစ်မှုကျူးလွန်သူနှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန်လုံလောက်သည့်လျော်ကြေးငွေ ပေးစေရန်အမိန့်ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ)အရ ချမှတ်သည့် လျော်ကြေးငွေကိုပေးရန်ပျက်ကွက်လျှင်အဆိုပါသူအပေါ်တပ်ရိုက်သည့်ငွေဒဏ်ကဲ့သို့ အရကောက်ခံရမည်။

၇၂။ ပုဒ်မ ၇၁ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း(၁၂)
## စည်းကမ်းထိန်းသိမ်းခြင်းနှင့်အရေးယူခြင်း

၇၃။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၇၄။ (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါးသုံးစွဲ၍ မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို အရမ်းမောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) အရက်သေစာသောက်စား၍မူးယစ်နေစဉ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ဖမ်းဆီးခံရသည့်သူတစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

၇၅။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်-

(၁) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ အမည်နှင့် နေရပ်ဖော်ပြစေလိုပါလျက် မဖော်ပြလိုဟု ငြင်းဆိုသူ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟု ယုံကြည်ရန်အကြောင်းရှိသော အမည်နှင့်နေရပ်ဖော်ပြသူ၊

(၂) ဤဥပဒေအရဖြစ်သောပြစ်မှု သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်သော ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မန်စာချအပ်ခြင်းမခံရအောင် အခြားနည်းရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိက ယုံကြည်ရန် အကြောင်းရှိသောသူ။

(ခ) ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။

၇၆။ (က) ရဲအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့်ယာဉ်မောင်းသူလက်ရှိထားသော ယာဉ်မောင်းလိုင်စင်ကို သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူလျှင် ယာဉ်မောင်းလိုင်စင် သိမ်းယူကြောင်း အသိအမှတ်ပြု လက်မှတ် ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကိုနေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန် အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၇၇။ ရဲအရာရှိကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်များကို စစ်ဆေးရာတွင် ယင်းလက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါသက်သေခံ အထောက်အထားများကို သိမ်းယူနိုင်သည်။

၇၈။ ရဲအရာရှိ သို့မဟုတ် ဦးစီးဌာနမှ အရာရှိသည် အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါ မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင်ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်းတွင် အပ်နှံရမည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

## အခန်း(၁၃)
## နည်းဥပဒေများထုတ်ပြန်ရာတွင်ပါဝင်ရမည့် ကိစ္စရပ်များ

၇၉။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ အားလုံးနှင့်စပ်လျဉ်း၍ဖြစ်စေ နည်းဥပဒေများထုတ်ပြန်နိုင်သည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ဂ) မော်တော်ယာဉ်တည်ဆောက်ခြင်း၊ နောက်တွဲယာဉ်တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာတပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(ဃ) မော်တော်ယာဉ်အမျိုးအစား၊ အလေးချိန်နှင့် တင်ဆောင်သည့် ဝန်သတ်မှတ်ခြင်းကိစ္စ၊

(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စ၊

(ဆ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စ၊

(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆ ထိခိုက်မှုဖြစ်ပွား၍ တစ်ဦးတစ်ယောက်သောသူ ဒဏ်ရာရရှိသည့်အခါ မော်တော်ယာဉ်မောင်းနှင်သူနှင့် မော်တော်ယာဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့်ကိစ္စ၊

(ဈ) ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရေးကိစ္စ၊

(ည) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးကိစ္စ၊

(ဋ) ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဌ) ယာဉ်အကူလက်မှတ် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဍ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဆိုင်ရာကိစ္စ၊

(ဎ) စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(ဏ) မော်တော်ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(တ) ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊

(ထ) စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများကိစ္စ၊

(ဒ) အချက်ပြအထိန်းအမှတ်များနှင့် အချက်ပြကိရိယာများဆိုင်ရာကိစ္စ၊

(ဓ) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် လမ်းအချက်ပြများဆိုင်ရာကိစ္စ၊

(န) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုရေးကိစ္စ၊

(ပ) မော်တော်ယာဉ်တွင် အသက်ကယ်လေအိတ်များ ပါရှိစေရေးကိစ္စ၊

(ဖ) အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေးကိစ္စ၊

(ဗ) ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး ထိုင်ခုံသုံးစွဲရေးကိစ္စ၊

(ဘ) မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးနှင့် စီးနင်းရေးကိစ္စ၊

(မ) မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးကိစ္စ၊

(ယ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ရ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(လ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(ဝ) ဤဥပဒေအရ တင်သွင်းနိုင်သည့် အယူခံအမှုများနှင့်သက်ဆိုင်သောကိစ္စ၊

(သ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ယာယီထွက်ခွာသွားသော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ယာယီရောက်ရှိလာသော မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ဟ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားလာသော ပြည်ပမော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ဠ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ခေတ္တမျှသာ နေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော်အောင်ပြုလုပ်ရေးကိစ္စ၊

(အ) အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို ငှားရမ်းခြင်း၊ အခနှင့်မောင်းနှင်သွားလာရာ၌ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့် အခွန်အခများ သတ်မှတ်ရန်ကိစ္စ။

## အခန်း(၁၄)
## အထွေထွေ

၈၀။ ပြည်ထောင်စုအစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သည့် မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၈၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၂။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ တာဝန်ရှိသူဖြစ်သည်။

၈၃။ ဤဥပဒေမပြဋ္ဌာန်းမီထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းအထောက်အထားနှင့်သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်များသည် ဤဥပဒေအရထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟုမှတ်ယူရမည်။

၈၄။ ၁၉၆၄ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၅။ ဤဥပဒေပြဋ္ဌာန်းချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၆။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

"ဩော် . . . လှိုင်ရယ်၊ တစ်နေ့တော့ အစ်ကိုမောင် တောထွက်မှာပေါ့ . . .။ တောမထွက်ခင် စိုးရိမ်လို့ အမှာစကားတစ်ရပ်တော့ ထားခဲ့ချင်တယ် . . ."

"အမှာစကား ထားခဲ့ဦးမယ်။ ဘယ်လိုလဲ "

"သွားခါနီး မောင်ကြီးရယ်တဲ့ မှာခဲ့မယ်၊ ပန်းပင်ကို လူမဆွတ်စေနဲ့ကွယ် . . . ကိုင်းညွတ်တတ်တယ် . . .၊ ငွေစံပယ် လေသွယ်တော့ ကြိုင်မွှေး . . .၊ မဆွတ်ကယ် မပန်ရအောင် . . .၊ ဝင်းခြံကို လုံအောင်ပိတ်ပါ (ကွယ် . . .)၊ ဘုန်းစိတ်မအေး . . ."

ကျွန်တော်က သံနေသံထားနှင့် ဆိုပြသည်ကို ဆုံးအောင် နားထောင်ပြီးမှ လှိုင်သည် ရယ်၍မှတ်ချက်ချ၏။

" ဟင် . . . အစ်ကိုမောင်ကလည်း ဒါ တောထွက်မယ့်လူ မှာတဲ့စကားမှ မဟုတ်ဘဲ . . ."

"မသိဘူးလေ . . .။ အစ်ကိုမောင်သာ တောထွက်တော့မယ်ဆိုရင်တော့ ဒီလိုပဲ မှာမိမှာပဲ။ ပြီးတော့ . . . တခြားမှာစရာ ကျန်သေးတယ်။ မကုန်သေးဘူး . . ."

"ဟောရှင့် . . . ကျန်သေးတယ်။မကုန်သေးဘူး . . ."

"ဟုတ်တယ်မကုန်သေးဘူး။လှိုင်နားထောင်မလား . . ."

"အစ်ကိုမောင်ပြောရင် . . . ဘယ်တုန်းက လှိုင်နားမထောင်လို့ လဲ . ."

ကျွန်တော်က ကျေနပ်စွာပြုံးပြီး စာတစ်ပိုဒ် ထပ်ရွတ်ပြ၏။

"တောခိုချင်စိတ်ကယ်နှင့်၊ သပိတ်ကိုလွယ်၊ သားရေနွယ် ကွယ့်ရှာတုန်း . . .။

ချောင်အနီးမှာလ၊ မောင်ကြီး တဈွေကိုက်လိမ့်မယ်၊ မင်းလိုက်ခဲ့ဦး . . ."

ဤအကြိမ်တွင်မူ လှိုင်သည် ခစ်ခစ်တက်ရယ်၍ ကျွန်တော့်လက်မောင်းကို သူ့လက်သီးလေးများနှင့်ထု၏။

" သိပ်ကြံကြီးစည်ရာပြောတဲ့ အစ်ကိုမောင်ကြီး . . . ဟွန်း . . . လှိုင်က အဟုတ်မှတ်လို့ နားထောင်နေတာ . . ."

လှိုင်ထုသည်မှာ မနာပါ။ ထုသူကလည်း နာစေရန် စေတနာပါဟန် မတူပါ။

" အစ်ကိုမောင် နောက်နေတာနဲ့ လှိုင် မေးတာတောင် ဘယ်ရောက်သွားပါလိမ့်၊ အဲ . . . နောက်ဘဝဆိုတာရှိသလားလို့၊ ဒီတစ်ခါ ကောင်းကောင်းဖြေရမယ်နော်. . ."

ကျွန်တော်က မျက်နှာထားကို တည်ပစ်ကာ ကောင်းကောင်းပင် ဖြေသည်။

" နောင်ဘဝ ရှိတယ်၊ မရှိဘူးဆိုတာ အစ်ကိုမောင် မဖြေနိုင်ပါဘူး လှိုင်။ ဒါပေမယ့် တစ်ခုတော့ အစ်ကိုမောင် စဉ်းစားမိတယ်။ ဒီလောကမှာ အကြောင်းမဲ့တဲ့ အကျိုးဆိုတာကို ရှာဖွေ မတွေ့ဖူးသေးဘူး။

အကြောင်းတကာအနက် လူသားတွေ ကြံကြ၊ ပြောကြ၊ ပြုကြတဲ့ ကံအကြောင်းထက် လေးနက်စူးရှထက်မြက်တဲ့ အကြောင်းတရားဆိုတာကိုလည်း မတွေ့နိုင်သေးဘူး။ ဒီသဘောရှိတဲ့ အကြောင်းတရားကျမှ အကျိုးမရှိနိုင်ဘူးလို့ ယုံရဖို့ဟာ ခက်နေတယ်။ ဒီလို ယုံရမယ် ဆိုရင်တော့ လူသားဆိုတာဟာ ရေ၊ မြေ၊ လေဓာတ်ကြီးစုံရုံနဲ့ မက်တာဘိုလစ်ဇင်း ( Metabolism )လို့ ခေါ်တဲ့ ရုပ်ဓာတ်အားအသွင်ပြောင်းလဲတဲ့ စက်ကိရိယာ ဖွဲ့စည်းပုံတစ်မျိုးသာ ဖြစ်နေလိမ့်မယ်။ လူဟာ . . . စက်ကိရိယာ မဟုတ်သလို၊ အခြေခံအားဖြင့် ရုပ်ဓာတ်အား အသွင်ပြောင်းနေတဲ့ ကလာပ်စည်းဖွဲ့ပုံ တူညီတဲ့ သစ်ပင်တွေနဲ့ ခြားနားနေတာကိုလည်း လှိုင်သိသားပဲ။ လူ့ဘဝဆိုတာကို သစ်ရွက်များလို . . . နုရာကရင့်၊ ရင့်ရာကဝါ၊ ဝါရာကကြွေ၊ ကြွေရာက မြေဩဇာသက်သက် ဖြစ်သွား ရတယ်လို့ အစ်ကိုမောင် မယုံနိုင်ပါဘူး"

"ဒါဖြင့် . . . နောက်ဘဝရှိတယ်လို့ အစ်ကိုမောင် ယုံတယ်ပေါ့ "

"ဒီလိုတော့လည်း မဟုတ်ဘူး လှိုင်။ အမှန်ကို ဝန်ခံရရင် ရှိတာ၊ မရှိတာကို ယုံတာထက် ရှိတယ်လို့ ယုံချင်တယ်။ ရှိပါစေလို့လည်း ဆုတောင်းမိတယ် . . ."

"အို . . . ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်လို့လဲဆိုတော့ မျှော်လင့်ချက် ရှိချင်လို့ပဲ လှိုင်၊ မျှော်လင့်ချက်ဆိုတာဟာလည်း အကောင်းအတွက် တောင့်တခြင်းပါပဲ။ တောင့်တတဲ့ ကောင်းခြင်းတွေ ရလာဖို့ ကောင်းသောအကြံ၊ ကောင်းသောအပြော၊ ကောင်းသောအပြုတွေနဲ့ ရင်းနှီးရတယ်။ အဲဒီ ရင်းနှီးသမျှကို သုဿန်မြေမှာ ရုပ်ခန္ဓာနဲ့အတူ မြှုပ်နှံပစ်ခဲ့ရမယ်ဆိုရင် လူ့ဘဝဟာ ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး။ ချားလ်(စ်)ဒါဝင် ယုံကြည်သွားတဲ့ တိရစ္ဆာန်လောကမှာလို ကြီးသူကငယ်သူကိုနိုင်၊ နိုင်သူက စိုးမိုးပြီး၊ ကိုယ်ကျိုးအတွက်ချည်းရှာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ . . . ဆိုတဲ့ တရားတွေဟာ အလကားဖြစ်သွားမယ်။ ဒုလ္လဘဆိုတဲ့ လူ့ဘဝမှာ မြတ်နိုးစရာ၊ တန်ဖိုးထားစရာဟာ ဘာမှ ကျန်တော့မှာ မဟုတ်တော့ဘူး . . ."

ကိုယ်ပိုင်ယုံကြည်ချက်နှင့် ပတ်သက်သောစကားကို ဆိုသည်ဖြစ်သဖြင့် ကျွန်တော့်သဏ္ဍာန်၌ မာန်ဝင်လာသည်။ စကား၌ အားဆောင်၏။

လှိုင်က ပါးစပ်ကလေး အဟောင်းသား၊ မျက်လုံးကလေး အပြူးသားနှင့် သနားစဖွယ် ကလေးတစ်ယောက်ပမာ နားထောင်နေရှာ၏။ ကျွန်တော့်စကား အဆုံးမှ မရဲတရဲ ပြုံးကာ ချိုသာစွာ ပြောသည်။

"လှိုင်က စကားအဖြစ်မေးတာ . . . အစ်ကိုမောင်က အဘိဓမ္မာတွေ လျှောက်ပြောနေတော့ လှိုင် ဘာဆက်ပြောရမှန်းတောင် မသိတော့ဘူး "

ထိုအခါမှ ကျွန်တော်က သတိရကာ ပြုံး၍ဆိုရ၏။

"ဟုတ်ပါရဲ့၊ အစ်ကိုမောင်က ငါ့စကား နွားရ လျှောက်ပြောသွားလိုက်တာပါ။ ဆောရီး . . . လှိုင်၊ ကဲ . . . လှိုင်ပြောချင်တာ ပြောလေ "

"ဘယ်လိုလုပ် ပြောတော့မလဲ . . . လှိုင့်စကားက အစပျောက်သွားပြီပဲဟာကို "

လှိုင်က ညည်းညည်းညူညူလေး ဆိုသဖြင့် ကျွန်တော်သည် လှိုင့်ပုခုံးလေးကို ပုတ်ပြီး ရယ်၍ အစဖော်ပေးရသည်။

"ဖြစ်ရလေ . . . လှိုင်လေး . . .။ ကဲ . . . အစ်ကိုမောင် အစဖော်ပေးမယ် . . . လှိုင်က . . . လွမ်းစေတီကို ဘယ်သူတည်ထားသလဲ . . . လို့မေးတယ် . . . အစ်ကိုမောင်က မသိဘူးလို့ . . . ဖြေတယ်။ ဒီတော့ လှိုင်ကပြုံးပြီး နောက်ဘဝဆိုတာ ရှိလားလို့ မေးတယ်။ ကဲ . . . ဆက်ပြောတော့လေ . . ." လှိုင် ခစ်ကနဲ ရယ်သည်။

"ဟော . . . ရယ်ပြန်ပြီ။ ဘာလို့ရယ်တာလဲ . . ."

"လှိုင်ပြောရင် . . . အစ်ကိုမောင် ရယ်ဦးမှာ . . ."

"မရယ်နဲ့ဆို . . . မရယ်ပါဘူးဗျာ . . .။ပြောပါ . . ."

" တကယ် . . . မရယ်ရဘူးနော် . . ."

" ဩော် . . . လှိုင်ရယ် . . . မရယ်ပါဘူးဆိုမှပဲ "

လှိုင်သည် သူ့မျက်နှာလေးကို တည်လိုက်ပြီးနောက် ကျွန်တော် မည်သို့မျှ မမျှော်လင့်သောစကားကိုဆို၏။

" ဒီစေတီကို မြင်တော့ . . . လှိုင်က မမခိုင် ပြောပြဖူးတဲ့ ပုံတစ်ခုကို သွားသတိရလို့ပါ . . .။

အစ်ကိုမောင်လည်း သိပါတယ် . . .။ ဟိုဒင်းလေ ဥစ္စာစောင့်မလေး ခင်မြိုင်နဲ့ သူ့ချစ်သူ တောသားလေး မောင်ညိုအကြောင်းဟာလေ . . ."

ကျွန်တော် ဘာမျှမဖြေနိုင်ပါလေ . . .။ လှိုင်ကသာ ဆက်ပြောသည်။

" အဲဒါ လှိုင်က အခု စဉ်းစားနေတာ . . .။ ဒီစေတီကို ခင်မြိုင့် လွမ်းပြီး မောင်ညိုများ တည်ထားသလား မသိဘူးနော် . . . အစ်ကိုမောင် " ရုတ်တရက် ဖြစ်သွားသဖြင့် ငိုင်သွားမိပြီးမှ ကျွန်တော်သည် ရယ်သွမ်းသွေးလျက်ဆိုရ၏။

"အို . . . လှိုင်ကလည်း၊ တောက်တီးတောက်တဲ့၊ ခင်မြိုင်တို့ မောင်ညိုတို့ဆိုတာဟာ ပုံထဲကလူတွေပါ။ တကယ်ရှိတာမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ် . . . စေတီတည်မလဲ . . ." လှိုင်က ရယ်ပြန်သည်။

" ဥစ္စာစောင့် ဆိုတာဟာ . . . တကယ်ရှိသလား . . . မပြောတတ်ဘူး။ ဒါပေမယ့် သူတို့ကို လှိုင်သိပ်သနားတာပဲ။ သိလား . . . အစ်ကိုမောင် . . ."

"လာပြန်ပြီ . . . တစ်ယောက် "

"အဟုတ်ပြောတာ အစ်ကိုမောင်၊ ဥစ္စာစောင့်ဆိုတာဟာ . . . သူတို့ ချစ်မြတ်နိုးတာ . . . သူတို့ စောင့်နေရတဲ့ သူတွေပဲ။ တစ်နည်းအားဖြင့် . . . မိန်းမသားတွေဟာ ဥစ္စာစောင့်တွေပဲ . . . သိလား . . ."

"ဘုရားရေ . . .။ မိန်းမသားတွေဟာ . . . ဥစ္စာစောင့်တွေ . . .။ လှိုင်ကလည်း ကြံကြံဖန်ဖန်ကွယ် . . ."

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ကျိုက်ထိုမြို့နေ ဦးကံထွန်း(ခြံမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း)-ဒေါ်ခင်ယုလွင် တို့၏သား

ဗိုလ်မှူးဇော်လတ် **B.A (DSA), M.A (English)YU**

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကိုကို(ငြိမ်း)၊ အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)
(လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)-ဒေါ်သန်းသန်းဆင့် တို့၏သမီး

မမေဇော်ကိုကို **B.C.Sc, MBA (YIE), Deputy Manager, KBZ Bank**

တို့၏ ၁၂-၆-၂၀၁၅ရက်တွင် နေပြည်တော်ပြည်ထောင်စုရွှေနေချုပ်ရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ ၂၄-၆-၂၀၁၅ရက်တွင် ကျိုက်ထိုမြို့ ဘိုးဘွားရိပ်သာကျောင်း၌ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ ၂၇-၆-၂၀၁၅ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သီရိပျံ့ချီဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်ညွန့်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီးဒေါ်နီနီ၊ မင်္ဂလာရွှေကြိုးချီးမြှင့်ပေးပါသော သီရိပျံ့ချီ ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)နှင့် ဇနီးဒေါ်တင်တင်နွဲ့တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူရ(၆၆)မှ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေး၊ ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သူလင်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ်တီတာနှင့် မခိုင်သန့်စင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာရွှေကြိုးကိုင်ဆောင်ပေးပါသော မမေရတနာထွန်း၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော နန်းစောယွန်းနွယ်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးနေအောင်နှင့် ဗိုလ်ကြီးမင်းမင်းဇော်၊ မင်္ဂလာသတို့သမီးအရံ မမေဖူးသော်နှင့် မသက်မွန်စိုး၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ ကိုမင်းသက်စံ (Sweet & Smart)၊ မိတ်ကပ်ဆံပင်အလှပြင် ဒီဇင်ဘာနှင်း၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူး၊ မင်္ဂလာဖိတ်စာ ဖူးဝေကျော်(PADAUK Souvenir)၊ မင်္ဂလာမော်တော်ယာဉ်နှင့် လက်ဝတ်ရတနာများကို စီစဉ်ပေးပါသော ကိုတိုးလေးနှင့် မယိင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော သူငယ်ချင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးဇော်လတ်-မမေဇော်ကိုကို**



**အမည်ပြောင်း**

ဦးအူမာဆန်ကား[၇/အတန(နိုင်)၀၅၅၆၁၉] ၏အမည်မှန် မှာ ဦးအောင်နိုင်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**အမည်ပြောင်း**

မိတ္ထီလာမြို့ အထက(၅)ရှမ်းတဲ၊ (၆)တန်းတွင် ပညာသင်ကြားနေသော မောင်ကျော်သူ၏ အမည်အား မောင်အောင်ခန့်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ပျောက်ဆုံးကြောင်း**

**Vietnam - Myanmar Friendship Co.,Ltd** ၏ သွင်းကုန်လိုင်စင်အမှတ်-**IL7 14_15 11086 08-12-2014** မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၂၅၀၈၀၀၆၀၀

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၁၄)၊ မြေကွက်တည်နေရာ အမှတ်(၂၁၄)၊ ကံ့ကော်လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးကျော်သိန်း-PME-131690)၊ ဒေါ်သန်းသန်းအေး(AB-058100) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းအေး (AB-058100) (ဇနီး) ကွယ်လွန်သဖြင့် ပူးတွဲ အမည်ပေါက်ခင်ပွန်းဖြစ်သူ (ဦးကျော်သိန်း-PME-131690)ထံမှ GP ရသူ ဒေါ်နုနုအေး [၁၂/ကတတ(နိုင်)၀၁၃၄၆၄]မှ တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်လင်းယုန်လမ်း၊ အကွက် အမှတ်-၉၄၀၊ မြေအကျယ်ပေ(၄၀×၆၀)သည် ဦးခင်မောင်အေးအမည်ဖြင့် ပါမစ်ထုတ်ပေးထားသော မြေကွက်ဖြစ်ပါသည်။ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ အဆိုပါမြေကွက် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ ယနေ့မှ (၁၄)ရက်အတွင်း အထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးငြိမ်းထွန်း[၁၂/စခန(နိုင်)၀၁၆၃၂၃]**

**စလင်း- ဦးအောင်သိန်း** **ဒေါ်မေမီလှိုင်**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အခန်း-၁၀၄(G)၊ အမှတ်-၉/၁၁၊ ၃၆-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၁၉၄၀၊ ၀၉-၄၂၈၂၂၇၃၁၃၊ ၀၉-၇၉၆၆၄၉၈၂၄**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဝါးတရာကျေးရွာအုပ်စု၊ ရေတွင်ကုန်းကျေးရွာတွင်ရှိသော ကွင်းအမှတ်-၂၉၅ A ၊ ကွင်းအမည် ညံအိုင်မြောက်၊ လယ်မြေအမျိုးအစား၊ ဦးပိုင်လုပ်ကွက်အမှတ်-၂/ဃ/၁၇၊ ၁၈၊ ၁၉၊ ၂၈၊ ၂၉၊ ၃၀ တို့တွင်ရှိသော ဦးအောင်ကျော်[၁၂/ထတပ(နိုင်)၀၃၇၇၅၇] အဖအမည် ဦးသာခင်မှ ပိုင်ဆိုင်ကြောင်း ဝန်ခံဂတိပြုပါသဖြင့် ကျွန်ုပ်မှဝယ်ယူရန် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက် အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ထက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက ဤမြေအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်အေးမီမီထွန်း[၉/မရမ(နိုင်)၀၇၉၅၂၆]**
**အမှတ်-၂၄၊ ဇောတိကလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၆၂၃၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဝါးတရာကျေးရွာအုပ်စု၊ ရေတွင်းကုန်းကျေးရွာတွင်ရှိသော ကွင်းအမှတ်-၂၉၅ A၊ ကွင်းအမည် ညံအိုင်မြောက်၊ လယ်မြေအမျိုးအစား၊ ဦးပိုင်လုပ်ကွက်အမှတ်-၂/ဃ/၂၀ တို့တွင်ရှိသော ဦးအောင်ကျော်[၁၂/ထတပ(နိုင်)၀၃၇၇၅၇] အဖအမည် ဦးသာခင်မှ ပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုပါသဖြင့် ကျွန်ုပ်မှဝယ်ယူရန် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ထက် ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက ဤမြေအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။ **ဒေါ်တင်နှင်းယု[၁၂/မဂတ(နိုင်)၀၇၂၁၀၈]**
**အမှတ်-၇၈၊ ၄၈-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၂၀၂၃၆၁**

**သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။**

**ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက်ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ်ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လျှုတန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။**

**ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)**

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

**လင်းဇင်းကုန်းမှ သမိုင်းဝင်များ**

ယင်းသို့ သမိုင်းနှင့်ဆက်စပ်သော နေရာများတွင် သုသာန်များလည်း သမိုင်းကိုတစေ့တစောင်း ဖော်ညွှန်းပြသလျက်ရှိကြသည်။ ယိုးဒယားဘုရင် ကျောက်ဘွားတောက်၏ သင်္ချိုင်းဂူ အမရပူရ လင်းဇင်းကုန်းသုသာန်တွင်ရှိသည်ဟု သိရသဖြင့် ထိုင်းနိုင်ငံမှ သုတေသီအချို့ အမရပူရသို့လာရောက် လေ့လာခဲ့ကြသည်။ လင်းဇင်းကုန်းသုသာန်သည် တောင်သမန်ကမ်းစပ်နှင့် မနီးမဝေးတွင်ရှိသည်။ လင်းဇင်းကုန်း (ဗီယင်ရှင်း) အမှုထမ်းများ နေရာဖြစ်သည်။ မှတ်တမ်းတွေ့ရသည်။ အမရပူရ ဒရဂါတော် အရှေ့ဘက် လေးစုရပ်တွင် တည်ရှိသည်။ နောင်တွင် သုသာန်မြေသတ်မှတ်ပြီး အာမေးနီးယန်းသင်္ချိုင်း၊ တရုတ်သင်္ချိုင်း၊ မြန်မာသင်္ချိုင်း၊ ကုလားသင်္ချိုင်း၊ ယိုးဒယားသင်္ချိုင်း၊ လော(လာအို) သင်္ချိုင်းများ စုဝေးချမြှုပ်ရာဖြစ်သည်ဟု လူသိများသည်။ အာမေးနီးယန်း သင်္ချိုင်း၌ အမရပူရခေတ် ဘကြီးတော်လက်ထက် နိုင်ငံခြားသားအမှုထမ်း ဘရင်ဂျီဘာသာဝင်များ ကွယ်လွန်သည့်အခါ၌ မြှုပ်နှံသင်္ဂြိုဟ်သည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာဂူများကို ရှေးဟောင်းသုတေသန ဦးစီးဌာနက ပြန်လည်ပြုပြင်ထိန်းသိမ်းထားသည်။ ဤသို့အားဖြင့် မင်းနေပြည်မြို့ တစ်မြို့ဖြစ်ခဲ့သော အမရပူရတွင် လူမျိုးပေါင်းစုံနေထိုင်ခဲ့ရာ မင်းနေပြည်အဖြစ် လင်းဇင်းကုန်းသုသာန်ကလည်း ပြောပြလျက်ရှိလေသည်။

**မန္တလေးသို့**

ကုန်းဘောင်ခေတ်မင်းဆက်များသည် ထီးသစ်၊ နန်းသစ်တည်လိုရကား အမရပူရနေပြည်တော်၌ နောက်ဆုံးမင်းဖြစ်သော ပုဂံမင်းအား ညီတော်မင်းတုန်းမင်းသားက ၁၂၁၄ ခုနှစ်တွင် နန်းချကာ ဘေးတော်၊ ဘကြီးတော်၊ ခမည်းတော်၊ နောင်တော်တို့၏ အရိုက်အရာဖြစ်သော ထီးနန်းကိုရယူသည်။ ဘိုးတော်မင်းတရား၏ အမရပူရမြို့သက်နှင့် တွက်ယူလျှင် နှစ်ပေါင်း(၇၀)တိတိကြာမြင့်ချိန်တွင် မင်းတုန်းမင်း မြို့သစ်၊ နန်းသစ်တည်ရန် မင်းဖြစ်လာခြင်းဖြစ်သည်။ "အသက်ကယ်ရှည်စေလို မန်းတောင်ရိပ်ခို"ဟူသော တဘောင်အတိတ်နိမိတ်သည် ရွှေမြို့တော်အမရပူရမှသည် ပျံ့လွင့်လျက်ရှိသည်နှင့်အညီ မင်းတုန်းမင်းသည် ထီးနန်းရယူပြီး မြို့သစ်နန်းသစ်တည်ရန် ဘိုးတော်ကဲ့သို့ အားရုံရှိနေသည်။

စင်စစ်အားဖြင့် မိမိခံစားလျက်ရှိသော ထီးနန်းစည်းစိမ်သည် နောင်တော်ပုဂံမင်းထံမှ ဆက်ဆံခဲ့သည်ဆိုသော်လည်း အသာတကြည်ကားမဟုတ်။ အသက်များစွာ စတေး၍ ရယူခဲ့သော ထီးနန်းစည်းစိမ်ပင်ဖြစ်ရာ မင်းတုန်းမင်းအဖို့ မေ့ပျောက်နိုင်စွမ်းရှိမည် မဟုတ်ချေ။ ထို့ပြင်လည်း ၁၂၀၀ ပြည့်နှစ်က လျှင်အပြင်းအထန် လှုပ်ခဲ့သဖြင့် ခမည်းတော်ဘုရား တည်ဆောက်ဆဲဖြစ်သော အမရပူရမြို့ထောင့်စေတီများ၊ မြို့ရိုး၊ မြို့တာ၊ ပြ၊ တန်ဆောင်း၊ သူရဲခို၊ မြို့တံခါးများနှင့် နန်းတွင်းနန်းပြင်မှ ဘုရားပုထိုး၊ စေတီ၊ ဂူ၊ ကျောင်း၊ တိုက်တာနေအိမ် မြောက်မြားစွာ ပြိုပျက်ခဲ့ရသဖြင့် နန်းအမရာဘုံမြေကို မင်းတရားကြီး စိတ်စနောင့်စနင်းဖြစ်နေခဲ့သည်လည်း တစ်ကြောင်းကြောင့် မြို့သစ်နန်းသစ်တည်ရန် စိတ်ကူးခြင်းဖြစ်သည်။

မင်းတုန်းမင်းသည် မူလက ရတနာသိယ် ကုန်းဘောင်ရွှေပြည် ရွှေဘိုတွင် ထီးနန်းရွှေ့ပြောင်းစံရန် ကြံရွယ်ခဲ့သေးသည်။ အမရပူရတွင် ဆက်လက်စံနေပါကလည်း ရာဇဝင်အရေးအခင်းများအပြင် တိုင်းရေး ပြည်ရေး အခြေအနေအရ အင်္ဂလိပ်နယ်ချဲ့တို့၏ရန်ကုန် အစဉ်ကြောင့်ကြဖွယ်ရာရှိနေပြန်သောကြောင့် ဧရာဝတီမြစ်နှင့် အလှမ်းကွာဝေးပြီး ကုန်းခေါင်ခေါင်ဖြစ်သော မန္တလေးအရပ်တွင် မြို့နန်းတည်ရန် ဆန္ဒတော်ရှိနေပြန်သည်။ ထို့ကြောင့် ၁၂၁၈ ခုနှစ်၊ သီတင်းကျွတ်လ၏ တစ်ခုသောညီလာခံတွင် မင်းတရားကြီးသည် အောက်ပါအမိန့်တော်ကို ချမှတ်တော်မူသည်။

**ဘုရင့်အမိန့်တော်**

"ဘုရားအလောင်းကပ်ဦး ပထမ မဟာသမ္မတမင်းမှ စ၍ အစဉ်အဆက်လာသော ဘေးလောင်းတော်၊ ဘိုးလောင်းတော် သကျသာကီဝင်မင်းမျိုးတို့သည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝဟူသော တိုင်း၊ ခရိုင်၊ နိုင်ငံများတွင် မြို့နန်းတည်ထောင်စံနေသည့် အရာများသည် ဘုရားသခင် ဗျာဒိတ်တော်အရ သိုက်ဝင်မင်းတို့သာ မြို့နန်းတည်ထောင်နေတော်မူပြီးလျှင် သာသနာတော်မြတ် အကျိုးစီးပွား၊ တိုင်းနေပြည်သူ ရှင်၊ လူ၊ သတ္တဝါအပေါင်းတို့ အကျိုးစီးပွားကို ချီးမြှင့်ဆောင်ရွက်တော်မူရသည်။

ဆဒ္ဒန်ပေါက်မ၊ အစုံရသော ဘေးတော်ရှင်း မင်းတရားကြီးသည်လည်း ရတနာပူရအဝမြို့ကပြောင်း၍ မန္တလေးစက်ရိုပ်ကိုမှီပြီးလျှင် တောင်သမန်အနီး ထီးပေါင်းခအရပ်တွင် မြို့နန်းသစ်တည်ထောင်ဖန်ဆင်းတော်မူပြီး အမရပူရ သမုတ်တော်မူ၍ စံနေတော်မူသည်။ ယင်းသို့ ဘေးတော်မင်းတရားကြီးလက်ထက် မန္တလေး သာသနာနှစ်ထောင့်လေးရာ မစေ့မရောက်၊ သိုက်ခေတ်ကိန်းခန်း၊ သာသနာကောဇာသက္ကရာဇ် အချိန်ကာလ မညီမညွတ်သေးဖြစ်ချေသည်။

ငါ့လက်ထက်တော်မူကား ကိန်းခန်းခေတ်သိုက်နှင့် တကွ အလုံးစုံ သာသနာ၊ ကောဇာ၊ သမယ၊ ကြုံကိုက်ညီသည်။ ယင်းသို့ဖြစ်၍ ငါရောဇ်မင်းမြတ်သည် မန္တလေး သာသနာသိုက်စဉ်အထွက် အရာရှိများနှင့် မန္တလေးအရပ်တွင် သာသနာတော်အတိုင်းထက် အလွန်စည်ပင်ပွင့်လင်းစေခြင်းအကြောင်း၊ အမျိုး လေးပါးပြည်သူ၊ သတ္တဝါအပေါင်းတို့ ချမ်းသာစီးပွားများသဖြင့် မှီခိုရာဖြစ်စေခြင်းအကြောင်းများကို ရည်ရွယ်တော်မူပြီးလျှင် မန္တလေးအရပ်သို့ပြောင်း၍ မဟာရာဇဌာနီ မင်းနေပြည်တော်ကြီး အသစ်တည်ထောင်ဖန်ဆင်းတော်မူ၍ ထီးနန်းကနက်စိုက်ဆောက်စိုးစံတော်မူမည်။ မြို့နှင့် တည်သင့်၊ မတည်သင့်များကို တံဆိပ်ရဆရာတော်၊ သံဃာတော်တို့ကို အသီးသီးလျှောက်ထားစေ။"

ဘုရင်မင်းမြတ်အမိန့်တော်တိုင်း သက္ကရာဇ် ၁၂၁၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ မယ်တော်ဘုရား ဆောက်လုပ်ကိုးကွယ်တော်မူသည့် မဟာအဘယာရာမတိုက်တော်အတွင်း ကျောင်းတော်ပေါ်တွင် သာသနာပြုဆရာတော်ဘုရားရှေ့ မကွေးမြို့စားမင်းကြီး၊ မိုင်းလုံမြို့စားမင်းကြီး၊ မြဲတောင် မြို့စားမင်းကြီး၊ ပခန်း(ကြီး) မြို့စားမင်းကြီး၊ အတွင်းဝန်လောင်းရှည် မြို့စားမင်းကြီး၊ ဝန်ထောက်စို့လေးဆယ်ဒိုင်းဝန်၊ ဝန်ထောက်ဖောင်ဝန်၊ သံတော်ဆင့်ရတနာ လျှော်ကားတော်မှူး၊ သံတော်ဆင့်ရွှေပြည်လယ်တော်အုပ်၊ ပညာရှိအဝေးကျိဝန်၊ ဝှင်းဆင်တဲရွာစား၊ ကျောက်စည်ရွာစား၊ ပုဏ္ဏားပညာရှိ၊ နန်းမြို့စာရာဇကျော်ထင်၊ ဝတ်မြေရာဇဗလကျော်ထင်၊ စာရေးမင်းကြီးလှကျော်ထင်၊ မင်းထင်မင်းလှရာဇာ၊ ကျော်မင်းထင်မင်းလှရာဇာ၊ အမှာတော်ရေး မင်းလှသိခ်သူ၊ မင်းထင်မင်းလှစည်သူတို့ အစုံအညီ သာသနာပြုဆရာတော်ဘုရားကို လျှောက်ထားရသည်။

စံနေတော်မူသည့် အမရပူရမြို့တော်ကို ၁၄၄၄ ခုနှစ် ဘေးတော်ဘုရား ဇင်္ဂမကိန်းတွင် တည်ထောင်တော်မူသည်။ ယခု ဇင်္ဂမကိန်း(၇၆)နှစ်တွင် (၇၄)နှစ်ရောက်ပြီ ဖြစ်၍ မြို့သက်(၂)နှစ်သာကျန်ပါတော့သည်။ ခမည်းတော်ဘုရား ၁၂၀၀ ပြည့်နှစ် ထာဝရကိန်းတွင် ရွှေနန်းတော်ကြီးဆောက်လုပ်စံနေတော်မူရာ မြို့တော်နှင့်တကွ ခုနှစ် ဌာနတည်လုပ်ဆော်မူကြောင်းကို သာမညသာဆိုပါသည်။ မြို့တော်ကို အသစ်ပြင်ဆင်မတည်လုပ်ပါ။ ဘေးတော်ဘုရား တည်ဆောက်တော်မူသည့်အတိုင်း ဇင်္ဂမကိန်းသက် ကုန်သင့်သည်။ ခမည်းတော်ဘုရား ထာဝရကိန်းတွင် တည်လုပ်တော်မူရာ မမြောက်သည်ဖြစ်၍ ယခု သာသနာတော် ၂၄၀၀ တွင်မှ မန္တလေးရတနာပုံပြည်ကြီး ဖြစ်လတ္တံ့ဆိုသော သိုက်ခေတ်နိမိတ်ရှိသည်များကို လျှောက်ထားသည်။ မြို့နန်းသစ်တည်သင့်ကြောင်းကို သာသနာပြုဆရာတော်၊ ဝန်ကြီး၊ အတွင်းဝန်၊ ပညာရှိတို့ကလည်း တင်သွင်းလျှောက်ထားသည်။

ထိုသို့ တင်သွင်းရာတွင် သိုက်စာတဘောင်တို့လည်း ပေါ်လာသည်။ "မန္တလေးပြည်ရွာ၊ တည်သောခါ၊ ရာဇာမင်းထက်မင်း၊ သီတင်းသီလ၊ ဒါနကမင်း၊ စောင့်မြဲခြင်း၊ ဗိုလ်လူခပင်း၊ ချမ်းသာခြင်း၊ မယွင်းထိုခါ ဖြစ်လိမ့်မည်။ ရှေးထက်တိုးခါ၊ သာသနာ၊ ထိန်ဝါဝင်း၍ တောက်လတ္တံ့၊ မန္တလေးအမှန်၊ ထိုပြည်မွန်၊ ရတနာမိုး ကြို၍ရွာလတ္တံ့"ဟူ၍လည်းကောင်း။

"သဘောဖြူသွယ်၊ ခြသေ့င်ယ်၊ အကယ်နန်းရိုး၊ အမျိုးမြတ်စင်၊ ရွှေနန်းရှင်ဟု၊ ဘုရင်ဘုန်းမွေး၊ မန္တလေး၊ ကြွေးအံ့တေဇော၊ ရှစ်မျက်နှာက၊ လာ၍ဖူးမြော်၊ မြတ်သူတော်ကို၊ ဒေဝေါ်ကြန္ဒ 'မ'လိမ့်မည်"ဟုလည်းကောင်း။

"ချစ်ရှင်ပျံ့မွှေး၊ ဗျာဒိတ်ပေးသား၊ မန္တလေးရွှေတောင်၊ ဆယ်မိအောင်လျှင်၊ စောင်စောင်သာသနာ၊ ဝေါစည်ကြီး၊ လိုတော်ပြီး"ဟူ၍လည်းကောင်း။ "မုဆိုးဗိုလ်သား၊ တစ်ကျိပ်ငါး၊ စဉ်းလျားသိုက်မဆွေး"ဟူ၍လည်းကောင်း၊ "ခြသေ့လည်းဟောက်၊ ရန်မျိုးပျောက်၊ ထက်အောင်တိုင်းကြေညာ၊ ခြသေ့မင်းမူ၊ သဒ္ဒါဖြူ ပြည်သူနှလုံးရွှင်လိမ့်သော"ဟူ၍လည်းကောင်း။ "ရွှေဝတစ်ဖက်၊ ကြက်ယက်တူရူ မြစ်ကျွန်းငူ၊ ဇမ္ဗူပျံ့မွှေး၊ ထီးပေါင်းကားကြီး၊ ရွှေထီးမိုးသည်၊ နန်းရိုးမှန်လှပေ၊ ဘောမဂြဟာ၊ ဂြိုဟ် အင်္ဂါ၊ ထွန်းကာထိုနှစ်ပေ၊ ရွှေဝရှေ့ယွန်း ဧသန်စွန်း ထွန်းလင်းသာသနာ"ဟူ၍လည်းကောင်း။ ရှေးစာဟောင်းများရှိသည်နှင့်အညီ ဘုရားသခင် ဒေသစာရီကြွရောက်တော်မူသောအခါ မန္တလေးရွှေတောင်အရပ်၌ ရင်သားမြတ်ကို ဖြတ်လှူဖူးသော ဘီလူးမသည် အနာဂတ် မန္တလေးအရပ်၌ပြည်ထောင်မင်းဖြစ်လိမ့်မည်"ဟု လည်းကောင်း။

တစ်ဖန် ရှင်အာနန္ဒာအား ဗျာဒိတ်ကြားတော်မူသည်မှာ တန့်ကြည့်တောင်၌ ငါ၏သာသနာတော်သည် ခေါက်ရှာငှက်ပျံသကဲ့သို့ ဧရာဝတီမြစ်ကို ဆန်လာမည်ဟူ၏။ စာဟောင်းတစ်စောင်ကလည်း "နတ်မျိုးနတ်ကောင်း၊ နတ်ထောင်သောင်းလည်း ပြောင်းလတ္တံ့။ နတ်ကောင်းလည်းလာ၊ ထိုပြည်ရွာ သာလတ္တံ့။ ရဟန်းသံဃာ အရိယာ၊ ထိုအခါအနှံ့အပြားလာလတ္တံ့"ဟူ၍ ဗျာဒိတ်သိုက်ရှေးစာဟောင်းစကား အထောက်အထားများစွာဖြင့် ရေးသားဆက်သွင်းခဲ့ကြ၏။

ဤမန္တလေးရွှေတောင် အရပ်အဝန်းထက်၌ မြို့နန်းစိုက်ဆောက် တည်ထောင်ပြီး ဘိသိက်မင်္ဂလာ မဟာဉကင်သဖွင့်၍ စံနေတော်မူသောမင်းတို့သည် ဧကရာဇ်တကာတို့ထက် သာလွန်ဟူ၍လည်းကောင်း။ "အသက်ကယ်ရှည်စေလို မြနန္ဒာရေညို(ချို)သန်းတယ်၊ မန်းတောင်ရိပ်ခို"ဟူ၍လည်းကောင်း တဘောင်စနည်း တေးတို့ဖြင့်လည်း မန္တလေးရတနာပုံမြို့တည်ရေး အမျိုးမျိုး အဖုံဖုံ ပေါ်ပေါက်လာခဲ့သည်။

မင်းတုန်းမင်း အမရပူရမှ မန္တလေးမြို့တော်သစ် ပြောင်းရွှေ့စံတော်မူခြင်းကိုလည်း နိုင်ငံခြားသား ရာဇဝင်ဆရာတို့က သူတို့အယူအဆအတိုင်း မှတ်ချက်ရေးခဲ့ကြ၏။ မြန်မာဘုရင်များသည် တာတာဘုရင်များ၏ ထုံးစံကိုလိုက်၍ သွေးထွက်သံယို ဖြစ်ရလျှင်သော်လည်းကောင်း၊ ငြိမ်းချမ်းသောနည်းဖြင့် ထီးနန်းကို မဆက်ခံရလျှင်သော်လည်းကောင်း မြို့တော်ကို ပြောင်းရွှေ့၍ အသစ်တည်ဆောက်သော ထုံးစံရှိလေသည်ဟု ရေးသားခဲ့ကြ၏။

မင်းတုန်းမင်းသည် အထက်ကဆိုသကဲ့သို့ သိုက်တဘောင် နိမိတ်ကောင်းခြင်းအပြင် တိုင်းရေး ပြည်ရေး အခြေအနေအရလည်း နယ်ချဲ့အင်္ဂလိပ်ရန် ကာကွယ်ရန် အမရပူရ နေပြည်တော်က မသင့်တော်ပြန်သောကြောင့် ပိုမိုပြီး လုံခြုံစိတ်ချရသော မန္တလေးရတနာပုံသို့ ရွှေ့ပြောင်းတည်ထောင်ရန် အမိန့်ထုတ်ဆင့်ခဲ့ခြင်းဖြစ်၏။ သက္ကရာဇ် ၁၂၁၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ စနေနေ့တွင် မြို့တော်တည်ရန် အမိန့်တော်မြတ်နှင့်အတူ မန္တလေးတောင်အနီး မြို့နန်းတည်မည့်အရပ်သို့ သွားရောက်ကြရပြီး မြို့တော်တည်ရန် တန်ဆောင်းမဏ္ဍပ်များ၌ ဆရာတော်၊ သံဃာတော်များအားပင့်၍ ပရိတ်တရားနာကြရ၏။

မြို့တည်ရန် ဦးဆောင်လာကြသူများတွင် မကွေးမြို့စားမင်းကြီး မဟာမင်းလှ သီဟသူ၊ မြဲတောင်မြို့စားမင်းကြီး သတိုးမင်းကြီး မဟာမင်းလှကျော်သူ၊ အတွင်းဝန်လောင်းရှည်မြို့စားမင်းကြီး မဟာစည်သူ၊ ဝန်ထောက်စို့လေးဆယ် ဒိုင်းဝန် မဟာမင်းလှ သီဟသူတို့နှင့် ပညာရှိအဝေးကျိဝန် မဟာနန္ဒသင်္ကြံ၊ ပညာရှိ ကန္နီမြို့ဝန် မဟာသီရိသိခ်ယာ၊ ပညာရှိ နာရီမှူး ဆင်တဲရွာစား မင်းလှသီရိစည်သူ၊ ကျော်စည်ရွာစား နေမျိုးဓမ္မသင်္ကြံ၊ ပုဏ္ဏာပညာရှိ စုန်းမြို့စား မဟာသီရိပဏ္ဍိတဓမ္မရာဇဂုရု၊ ပညာရှိကျော်ထင်တို့အပြင် အစုအမှုထမ်း လူ ၁၀၀၀ ပါဝင်ကြ၏။

နောက်တစ်နေ့ တပို့တွဲလဆန်း (၈)ရက်တွင် စတင်တောခုတ်ရှင်းလင်းရသည်။ မန္တလေးတောင်ခြေရင်းကသည်တောင်ကို မဟာမုနိဘုရားကြီး မြောက်မြို့ရိုးထိ၊ အရှေ့တောင်ကို အောင်ပင်လယ်ကန်၊ အနောက်ကို ရွှေတချောင်းမြောက်ထိ နယ်လေးရပ်အတွင်း တောခုတ်ရှင်းလင်းကြရ၏။ ရွှေတချောင်း အနောက်ဘက် တောခုတ်ရှင်းလင်းခြင်းမပြုသည်မှာ ထိုအချိန်ကာလကစ၍ လူနေအိမ်အချို့ရှိနေသည်ဟု ခန့်မှန်းရ၏။ မန္တလေးမြို့ မတည်မီက မဟာမုနိဘုရားကြီးမြောက်ဘက်ရှိ ရှမ်းပွဲတစ်ဝိုက်၊ ရွှေတုံးတံတားတစ်ဝိုက်နေရာတို့မှာလည်း အမရပူရမြို့၏ မြောက်ပြင်ရပ်ကွက် နယ်နိမိတ်များ ပါဝင်လျက်ရှိသည်။

မြို့တော်သစ်တည်ရေး တောခုတ်ရှင်းလင်းရာမှာလည်း လောကီကျမ်းထွက်အတိုင်း အခင်းအကျင်း ပူဇော်ပသသော အစီအစဉ်များအတိုင်း သမား ပုဏ္ဏားတို့က ဂြိုဟ်ရှစ်လုံးတို့အား ထီး၊ တံခွန်၊ သစ်သီး၊ ပန်းမန်တို့ဖြင့် ပူဇော်ပသကြရ၏။ ရွှေမြို့တော်ကြီး တည်ရာမြေ မြို့တော်အရှေ့မျက်နှာ၌ ဆောက်လုပ်ထားရှိသော မဏ္ဍပ်ကနားကြီးတွင်လည်း ၃၇ မင်းတို့အား တင်ကြားပသရန် အဖွယ်အရာ ဆိုင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် နတ်အုပ်၊ နတ်ထိန်း၊ နတ်နေတို့ကို ပေးအပ်ခင်းကျင်းစေရ၏။ ယင်းသို့ ပူဇော်ပသသည့် လိုအပ်သော ပစ္စည်းပစ္စယ၊ ငွေတို့ကို ရွှေတိုက်၊ ငွေတိုက်၊ လက်ဆောင်ယူတိုက်တို့က အသီးသီးသို့ ပေးသွင်းသုံးစွဲစေခြင်းဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာဂူများကို ရှေးဟောင်းသုတေသနဦးစီးဌာနက ပြန်လည်ပြုပြင်ထိန်းသိမ်းထားသည်။ ဤသို့အားဖြင့် မင်းနေပြည်တော်မြို့တစ်မြို့ဖြစ်ခဲ့သော အမရပူရတွင် လူမျိုးပေါင်းစုံနေထိုင်ခဲ့ရာ မင်းနေပြည်အဖြစ် လင်းဇင်းကုန်းသုသာန်အဖြစ် . . .

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

## ကိုရီးယားနိုင်ငံမှ စလင်းမြို့နယ် တောင်သူများနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် တွေ့ဆုံ

**စလင်း ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်းကျုံးကျေးရွာနှင့် ထူးပေါက်ကျေးရွာတို့တွင် ဇွန် ၃၀ ရက်က တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး အသင်းစုချုပ်တို့မှ ဦးဆောင်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ Mr. Kang Ki Tae သည် ကိုရီးယားသမ္မတနိုင်ငံ၊ Daedong Industrial Co,Ltd မှ ထုတ်လုပ်သော လယ်ယာသုံးထွန်စက်နှင့် စက်ကိရိယာပစ္စည်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ကျေးရွာရှိ သမဝါယမအသင်းသားတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လယ်ယာစိုက်ပျိုးမှုအတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင်ဆောင်ရွက်နေပုံများ၊ စက်ကိရိယာများကို အသုံးပြု၍ လယ်ယာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာမှုတို့ကို အကြံပြုအားပေးဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကျေးရွာအတွင်းရှိ သမဝါယမအသင်းသားတောင်သူများနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကန့်ဘလူ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကန့်ဘလူမြို့ ပိတောက်သိင်္ဂီခန်းမ ၂ ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စည်းရုံးရေးကော်မတီအတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးနှစ်ဦးအား အစားထိုးရွေးချယ်ပြီး အဖွဲ့ပိုင်မြေကွက်လပ်တွင် အဆောက်အအုံသစ် အပြီးဆောက်လုပ်ရန်နှင့် မိသားစုဝင်များ၏ ကျန်းမာရေး၊ ပညာရေးစရိတ်များ တိုးမြှင့်ထောက်ပံ့သွားရန်၊ ရှေ့လုပ်ငန်းစဉ်နှစ်ရပ်ချမှတ်ခဲ့ကြောင်းနှင့် အဆိုပါအခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၈၁ ဦး တက်ရောက်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကလေးရှိ ထိုမာရွာရင်းဆည် ရေဝင်ရောက်မှု ကြည့်ရှု

**ကလေး ဇူလိုင် ၂**

ကလေးမြို့နယ် ထိုမာကျေးရွာရှိ ထိုမာရွာရင်းဆည်အတွင်း ရေဝင်ရောက်မှုအခြေအနေကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၃၀ ရက် ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါဆည်သည် ဆည်ရေဝင်ပေါက် ခြောက်ကန်ရှိပြီး ဆည်အကျယ် ၃၆ ပေရှိကာ ထိုမာကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၂၀၀ ကျော်တို့၏ လယ်ယာမြေဧက ၅၀၀ ကျော်အား ကြွယ်ဝစွာ ဆည်ရေပေးဝေနိုင်ခြင်းကြောင့် ကျေးလက်နေတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးတွင် များစွာအကျိုးပြုသည့်ဆည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# တမူးမျှစ်ပေါင်းရောင်းချသူများဝင်ငွေတိုး၍ စီးပွားဖြစ်နေ



**တမူး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၏ ဒေသထွက်စားစရာများထဲတွင် နာမည်ကြီးစားစရာတစ်ခုဖြစ်သော တမူးမျှစ်ပေါင်းကို ပြုလုပ်ရောင်းချသူများ အနေဖြင့် နေ့တွက်ကိုက်ကာ ဝင်ငွေတိုး၍စီးပွားဖြစ်နေကြကြောင်း သိရသည်။

တမူးမျှစ်ပေါင်းသည် ရာသီစာအစားအစာတစ်ခုဖြစ်ပြီး မိုးတွင်းကာလတွင်မှရရှိသောမျှစ်ကို စားချင်စဖွယ်ဖြစ်အောင် မျှစ်အဖျားပိုင်းငါးလက်မကျော်ခန့်ကိုဖြတ်၍ မျှစ်အခေါင်းလေးများဖြစ်အောင် ထွင်းကာ မျှစ်အပိုင်းအစလေးများဖြင့် ရောပြီး မိမိကြိုက်နှစ်သက်သော အစားအစာများ ထည့်၍လည်းကောင်း၊ ပုဇွန်ခြောက်များထည့်၍လည်းကောင်း ပြန်ပိတ်ကာ ရေနွေးငွေ့ဖြင့်ပေါင်းခံပြီး စားသုံးရသော အစားအစာဖြစ်သည်။

“တမူးဒေသခံတွေအနေနဲ့ တခြားမြို့တွေကို တာဝန်နဲ့ပဲဖြစ်ဖြစ်၊ အလုပ်အကိုင်ကြောင့်ပဲဖြစ်ဖြစ် သွားနေရတဲ့အခါမျိုးဆိုရင် ဒေသထွက်တမူးမျှစ်ပေါင်းကို သတိတရရှိတတ်ကြပါတယ်။ နောက်ပြီး ဒေသထွက်ဆိုတော့ မြို့ကိုရောက်လာတဲ့ဧည့်သည်တွေကိုလည်း ဧည့်ခံအစားအစာအနေဖြင့် ကျွေးလို့ကောင်းတယ်။ အပြန်လက်ဆောင်အဖြစ်လည်း ပေးလို့ကောင်းပါတယ်။လာတဲ့ဧည့်သည်တွေကလည်း ကြိုက်ကြပါတယ်” ဟု တမူးမြို့ဒေသခံတစ်ဦးက ပြောသည်။

**လင်းလက်ကြယ်စင်**

## ဟိုပန်မြို့နယ်အတွင်းကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**ဟိုပန် ဇူလိုင် ၂**

ဟိုပန်မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာနေ သက်ကြီးရွယ်အို ဘိုးဘွားများ ကျန်းမာရေးမကောင်းသူများ နှင့် လယ်ယာလုပ်ငန်းခွင်ဝင်မည့် တောင်သူဦးကြီးများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပြန့်ပွားရေး ပညာပေးဟောပြောခြင်း လုပ်ငန်းကွင်းဆင်းဆောင်ရွက်ခြင်းကို ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေဝင်းဦးဆောင်သည့် အဖွဲ့သည် ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက နောင်မိုကျေးရွာအုပ်စု နောင်မိုရွာမရှိ ရွှေပြည်သာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေဝင်းက ကျေးလက်နေပြည်သူများ အဖြစ်များတတ်သည့် သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် လိုက်နာရမည့်အချက်များ၊ မားစ်ရောဂါနှင့်ပတ်သက်၍ ပြည်တွင်းသို့မရောက်ရှိအောင် သတိပြုလိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဆေးစစ်ခြင်း၊ ဆေးဝါးကုသပေးခြင်းကို ရှေ့တန်းအမှတ်(၁၁) တပ်မဌာနချုပ်မှ ဆေးတပ်ဖွဲ့နှင့်အတူ လူနာ ၁၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။

ယင်းအပြင်အဆိုပါအဖွဲ့သည် ဇွန်လတတိယပတ်မှ ဇူလိုင်လပထမပတ်အတွင်း မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စုသုံးအုပ်စုမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးစပါးချေးငွေများ ထုတ်ချေးပေး

**ပေါင် ဇူလိုင် ၂**

ပေါင်မြို့နယ် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၉ ရက်မှစတင်၍ ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တောင်သူလယ်သမားများအား တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် ပေါင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ID ဦးဟုတ်သိန်းနှင့် ဝန်ထမ်းများက ထုတ်ချေးပေးခဲ့ရာ မိုးစပါးချေးငွေ ၂၇၈၀၁ သိန်း ထုတ်ချေးပေးထားပြီး ဖြစ်သည်။

ပေါင်မြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးချေးငွေများကို သိန်းပေါင်း ၈၀၀၀၀ ခန့် ထုတ်ချေးရန်လျာထားပြီး ထုတ်ချေးပေးရန်ကျန်ရှိနေသောတောင်သူများကိုလည်း ဇူလိုင်လအတွင်း အပြီးထုတ်ချေးသွားမည်ဖြစ်သည်။ ပေါင်မြို့နယ်အနေဖြင် မိုးစပါးစိုက်ဧကတစ်သိန်းနှစ်သောင်းကျော်ရှိပြီး မွန်ပြည်နယ်တွင်မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအများဆုံးဖြစ်သည် ဟုသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသော အထိမ်းအမှတ်ပွဲများ

### ကောလင်း

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ကောလင်းမြို့ ရွှေမင်းဝံလမ်းမကြီးဘေး မြို့တော်ခန်းမရှေ့၌ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ချိုနှင့် ဒုတိယဦးစီးမှူး ဦးမင်းဇာနည်၊ မြို့ပေါ် (၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဌေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုင်းဆတ်

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီက မိုင်းဆတ်-မိုင်းခုတ်ကားလမ်းမဘေး ဝိန်းနေကျေးရွာ အကျဉ်းဦးစီးဌာနအနီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘန်ဘီးနာနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် အလုပ်အမှုဆောင် ဒေါ်ဖြူဖြူတို့က ပျိုးပင်များပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လက်ခံရယူသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူ ၂၁၀ တို့က ကျွန်းပင် ၂၀၀၊ ယူကလစ်ပင် ၁၅၀ နှင့် မဲဇလီပင် ၁၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ကျိုက်ထို

ကျိုက်ထိုမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အကြိုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်ခင်မြင့်က အမျိုးသမီးရေးရာအဖွဲ့ဖွဲ့စည်းရသည့်ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခြင်း၊ ပံ့ပိုးရန်လိုအပ်သော ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**သန်းသန်းမော်**

### မိတ္ထီလာ

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေအိမ်စည်စာကြည့်တိုက် အဌမအကြိမ်မြောက်နှစ်ပတ်လည်အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ဇောင်းချမ်းကုန်းကျေးရွာ အဆိုပါစာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးက အမျိုးသမီးရေးရာအဖွဲ့မှ ဆောက်လုပ်လှူဒါန်းထားသည့် ရွှေအိမ်စည်စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးအောင် အမျိုးသမီးရေးရာအဖွဲ့မှ နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်အခမ်းအနားကျင်းပရခြင်းဖြစ်ကြောင်း၊ ကျေးရွာမှ စာကြည့်တိုက်ကော်မတီများနှင့် စာကြည့်တိုက်မှူးတို့မှလည်း စာကြည့်တိုက်သို့ စာငှားစာဖတ်များ စဉ်ဆက်မပျက် လာရောက်ဖတ်ရှုနိုင်အောင်၊ စာအုပ်စာစောင်များတိုးပွားအောင် ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ နှင့် စာအုပ်စာစောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းက ငွေကျပ် ၁၀၀၀၀ နှင့် စာအုပ်စာစောင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် ၁၀၀၀၀၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင် ၁၅၀ နှင့် ရွှေအိမ်စည်စာကြည့်တိုက်သို့ တစ်နှစ်ပတ်လုံး စာအများဆုံးဖတ်ရှုသည့် မသဲစုဝင်းအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

### မုံရွာ

မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဇွန် ၃၀ ရက် ညနေ ၆ နာရီခွဲက မုံရွာမြို့ မြို့တော်ခန်းမ၌ ဆံကေသာအလှမယ်ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြပွဲကိုကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဆံကေသာအလှမယ် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဆက်လက်၍ တက္ကသိုလ်ကောလိပ် သူနာပြုကျောင်းများမှ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု၊ မောင်မယ်များက အလှပြခဲ့ကြပြီး ဆံကေသာအလှမယ် ဆန်ခါတင် ၁၀ ဦးထဲမှ တစ်ဦးချင်းပြန်လည်ယှဉ်ပြိုင်၍ ပထမ၊ ဒုတိယ၊ တတိယဆုများကိုရွေးချယ်ကာ ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# KBZ BANK
## ကမ္ဘောဇဘဏ်လီမိတက်

### ဗိုလ်မြတ်ထွန်းလမ်း (ခရစ်လမ်း) ဘဏ်ခွဲ

အမှတ်(၁၈၉–၁၉၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၉)ရပ်ကွက်၊ အလယ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၂၉၇၇၀၁၊ ၂၉၇၇၀၃၊ ဖက်စ်(၀၁)၂၀၀၉၂၂၊ ၂၀၀၉၇၇

### ဇလွန်မြို့ဘဏ်ခွဲ

အမှတ်(၆၁၂)၊ အဒါးလမ်း၊ ညောင်ပင်ဈေးရပ်ကွက်၊ ဇလွန်မြို့နယ်၊ ဟင်္သာတခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း(၀၄၄)၃၅၆၂၃၊ ၃၅၆၂၄၊ ၃၅၆၂၅၊ ဖက်စ်(၀၄၄)၃၅၆၂၈၊ ၃၅၆၂၉

### ၇၃ – လမ်းဘဏ်ခွဲ (မန္တလေး)

အမှတ်(၅)၊ (၇၃)လမ်း၊ (၂၉× ၃၀)လမ်းကြား၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၆၀၀၈၄၊ ၆၀၀၈၆၊ ဖက်စ်(၀၂)၆၀၀၄၉၊ ၆၀၀၃၅

### အင်းယားလမ်းဘဏ်ခွဲ

အမှတ်(4-R/2-B)၊ အင်းယားလမ်းနှင့်ဗောဓိရိပ်သာလမ်းထောင့်၊ (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၂၃၀၆၃၄၆၊ ၂၃၀၆၃၄၇၊ ၂၃၀၆၃၄၈၊ ဖက်စ်(၀၁)၂၃၀၆၃၅၂၊ ၂၃၀၆၃၅၃

### မနော်ဟရီဘဏ်ခွဲ – ၂ (မန္တလေး)

အမှတ်(၁၆၀)၊ (၆၄)လမ်းနှင့်မနော်ဟရီလမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၈၂၂၁၄၊ ၈၂၂၁၅၊ ၈၂၂၁၆၊ ဖက်စ်(၀၂)၈၂၂၁၈၊ ၈၂၂၁၉

**တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်**
**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း**
**မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

ကြော်ငြာ

MYANMAR CONSTRUCTION MCEA ENTREPRENEURS ASSOCIATION

## မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၁-၇-၂၀၁၅ရက် (စနေနေ့)တွင် MCEA ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင် ပါရမီရှင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များနှင့် မိသားစုများ ကြွရောက်၍ ကုသိုလ်တော်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဝါဆိုသင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုများကို စေတနာသုံးတန်ပြဋ္ဌာန်းလျက် MCEA အသင်းရုံးချုပ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ**၊ ယောဆရာတော်ကြီး အမှူးထား၍ ဆရာတော်ကြီးအပါအဝင် ပင့်သံဃာတော်(၉)ပါးတို့မှ ကြွရောက်၍ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးချီးမြှင့်မည်ဖြစ်ပါသည်။ ဆရာတော်ကြီးနှင့်တကွ ပင့်သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုအစုစုတို့ကို သဟတ္ထိက ဒါနမြောက်စွာဖြင့် ကိုယ်တိုင်ဆက်ကပ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**နေ့ရက် - ၁၁-၇-၂၀၁၅ရက်(စနေနေ့)** **အချိန် - နံနက် ၉း၃၀နာရီ**

**နေရာ - MCEA အသင်းခန်းမ၊ အမှတ်(၃)၊ ဘော်စင်လမ်း၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သယ်န်းကျွန်းမြို့နယ်။**

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

---

**UNIQUE TRAVELS & TOURS CO.,LTD. UNIQUE STAR TRAVELS & TOURS**

ဗန်ကောက်၊ပတ္တရား (6)D Jul: 11, 25 / Aug: 8, 22 / Sep: 5,19 ($ 300)

[ Emerald Buddha, Tiger Zoo, Koh Larn Island, Nong Nooch Garden, Alcaza Show, Dream World, Safari World, Baiyoke Sky Dinner, Cruise Dinner, Ayutthaya ]

ကွမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Jul: 11, 25 / Aug: 8, 22 / Sep: 5,19 ($ 500)

ကုမ္ပဏီအသင်းအဖွဲ့များအား အထူးချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။

No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

---




---

**အောင်ထူးဆန်းခါတ်နန်း၏ခင်ပွန်းကြီး(၁၀)ပါးကန်တော့လွှာ**

ကျွန်ုပ်၏ခါတ်နန်းမှ ခင်ပွန်းကြီး (၁၀)ပါးပူဇော်ပွဲအဖြစ် (၅.၇.၁၅) နေ့နှင့် (၉.၇.၁၅) နေ့တို့တွင် ဂံကြမ္မာ လာရောက်မေးမြန်းသူ ပရိသတ်အားလုံးကို မေတ္တာဖြင့်ဟောပြော၍ လွန်စွာအစွမ်းထက်မြက်သော ဂမ္ဘီရဝိဇ္ဇာ မဟာဒွိအစီအမံများဖြင့် <u>အခမဲ့</u> ကူညီပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဤစာလွှာဖြင့် ခင်ပွန်းကြီး(၁၀)ပါး ကျေးဇူးရှင်အပေါင်းတို့ကို လေးမြတ်စွာပူဇော်ကန်တော့ပါသည်ဘုရား။

နေ့စဉ်ခါတ်နန်းဖွင့်ချိန် - နံနက်(၁၀း၀၀)မှ ညနေ(၆း၀၀)နာရီအထိ

အမှတ်(၃၈)၊ ၆-လွှာ (ယာ)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၃၁၂၂၆

**အောင်စည်ဟိဏ်း**

မနောအာရုံဂမ္ဘီရဝိဇ္ဇာပညာပါရမီရှင်

Mindreader Through Occult Science

---

**တိုက်ခန်းမြေညီ(အမြန်)ငှားမည်**

ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်လမ်း၊ လှည်းတန်း၊ ရန်ကုန်တက္ကသိုလ်အနီး၊ ပေ(၁၈×၅၄)၊ မြေညီ၊ ကြွေပြားခင်း၊ Air con (၁)လုံး၊ အိမ်သာဘိုထိုင်၊ ရိုးရိုးထိုင် (၂)မျိုးသုံးနိုင်သည်။ သံပန်းတံခါး၊ ကျွန်းတံခါးတပ်ပြီး၊ အိမ်ထဲကားတစ်စီးထည့်၍ ရသည်။ **၄သိန်း ကျပ်(၈)သိန်း**

**Ph: 09-5156843,09-258300626**

---

**ဒလမြေကွက်ရောင်းမည်**

ဒလမြို့၊ ညောင်ကုန်းရပ်ကွက်၊ ပါမစ်မြေ၊ အထူးသက်သာသောဈေးဖြင့်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**Ph:09-5156843, 09-258300626**

---

**တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ တိုက်အမှတ် (၅၇/က)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ၃-လွှာ(လက်ဝဲဘက်)အခန်းကို မြေရှင်ဒေါ်အေးသီတာ (၁၂/တမန(နိုင်)၀၇၇၀၅၂)နှင့် ကန်ထရိုက်တာဦးလှဝင်း(၁၂/မဂတ(နိုင်)၀၇၁၁၆၂)တို့ထံမှ ဒေါ်နွယ်နီပွင့်နိုင်(၁၂/ကမရ(နိုင်)၀၄၇၉၃၁)က စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားပါသည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်နွယ်နီပွင့်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ညွန့်(B.A, R.L.)

တရားလွှတ်တော်ရှေ့နေ(စဥ်-၆၂၄၉)

အမှတ်-၅၀၊ ပ-ထပ်၊ အခန်း(D-10/11)၊ ဘဏ်လမ်း။

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၉၂၆၀

---

**MIYAKO CLINIC**

**(ဂျပန်အကြောပြင်ဆိုင်အတွက်)**

**ဝန်ထမ်းအမြန်အလိုရှိသည်။**

မန်နေဂျာ(လစာ) (၃)သိန်း အင်္ဂလိပ်စာကျွမ်းကျင်ရမည်။

ညှိုးကြို (လစာ) (၁ သိန်း ၂ သောင်း) အင်္ဂလိပ်စာအခြေခံ။

အကြောပြင် ဝန်ထမ်းလစာ (၁)သိန်း+ကော်မရှင်ပေးမည်။

ရိုးသားကြိုးစားမှုရှိသူအား လစာကောင်းကောင်းပေးမည်။

ဖုန်း 09-253789845, 09-259781636, 09-974694285

---







ဗလ ငါးတန် ဖွံ့ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့လာ စို့

ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
ဂူလိုင်လတန်းခွဲအသစ်များ
LCCI
ဆယ်တန်းအောင်ပြီးသူတိုင်းတက်ရောက်နိုင်သည်
Level I+II 15%Dis:
SUN 2-5:00 pm 5.7.15
THU-FRI 6:00-8:00 am 16.7.15
MON to WED 7:00-8:30 am 20.7.15
Level III 15%Dis:
III (B) SUN 9 am-5 pm 28.6.15
III (C) MON to SUN 6 pm-8 pm 6.7.15
အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇၅၁၀၃၀၀၂၊ ၀၉၇၈ ၅၁၀၃၀၀၂

AIR KBZ
FLYING BEYOND EXPECTATIONS

NAY PYI TAW → YANGON
YANGON → NAY PYI TAW

from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့်အခါတွင် ဝန်ထမ်းကတ် မိတ္တူ(၁)စောင်နှင့်အတူ ဝန်ထမ်းကတ်မူရင်းအားပြသ၍ဖြင့် AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲ၊ အခြားမြို့များရှိ လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "

Startes form 1st July
Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |



Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196
We accept
VISA MasterCard
www.airkbz.com

KMD
Education Services
City & Guilds
နိုင်ငံတကာတွင် Computer Technician အဖြစ်လုပ်ကိုင်လိုသူများအတွက်
➡ Diploma in IT System Support (UK) Diploma ကို (၃)လအတွင်းအတုန်ကျသက်သာစွာဖြင့် လုပ်ငန်းခွင်ဝင်နိုင်သည်အထိသင်ကြားပေးမည့်အဆင့်မြင့်နိုင်ငံခြားဒီပလိုမာသင်တန်းဖြစ်သည်။
Enroll Now! ➡ Exam ဖြေစရာမလို 100% လက်တွေ့ Assignment များပြုလုပ်ရုံဖြင့် Diploma ရရှိမည့်သင်တန်းဖြစ်သည်။




UK Diploma + Certificate
အမှတ်(၃၃၁)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။

Han Myint Moh Co.,Ltd
Construction & Trading
အချက်အချာကျပြီးအေးချမ်းသာယာသောနေရာအတွင်းရှိ Condo Facilities နှင့်အဆင့်မြင့်တိုက်ခန်းကျယ် Thumana Mini-Condo



- အဆောက်အဦးအကျယ် 51' x 51' (နှစ်ခန်းတွဲ)
- အခန်းအကျယ် 25' 6" x 51' (ဘေးပြတင်းပေါက်များပါရှိပြီး)
- Master Bed Room (13' 6" x 14') နှင့်
- Bed Room (13' 6" x 9' 4") တစ်ခန်းစီပါဝင်ပြီး
- မြေညီထပ်တွင် ကားပါကင်ပါဝင်မည်။
- (8) ယောက်စီး (630 kg) ဓါတ်လှေကား
- Pile Foundation
- အရှေ့အနောက် ဝရန်တာပါရှိခြင်း
- ကိုယ်ပိုင်မော်တာ၊ မီတာ
- Generator
- Underground Tank, Overhead Tank (Stainless Steel Tank)
- Fire Safety
- ရေချိုးခန်း၊ အိမ်သာ ကြွေပြားခင်းပြည့်၊ (နံရံအမြင့် 6' ကြွေပြား၊ Shower တပ်ဆင်ပေးမည်။
- City Mart (ဝေနု)၊ City Mart (ဝေဇယန္တာ)၊ ဝေဇယန္တာ Orange၊ KBZ Bank ILBC၊ YIS၊ Brain Works၊ AKK Shopping Mall သဃ်န်းကျွန်းဈေး အနီးဆုံးနေရာတွင် တည်ရှိသော





Thumana Mini Condo

No (40-A2), Mya Hnin Si Street, Rose Park (III), Shwe Pinlon Housing, North Dagon Township, Myanmar.
Ph : 09 43151217, 09 799524724 E-mail : myatthwinhtet@gmail.com, hanmyintmoh@gmail.com

# Congratulations!

**Our warmest and heartiest congratulations**

**on the successful opening of**

**OCBC Bank**

**Yangon Branch in Myanmar on April 23, 2015 .**

**Wishing you success and outstanding achievements in sharing good banking products and services to get prosperity and benefit in banking sectors in Myanmar.**

**C B BANK**

**Chairman**

**and Board of Directors**

**CB Bank**



ကား မျိုးစုံ
(Alphard/Crown/MarkII/အနိစာတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126



စစ်ကိုင်းစက်မှုဇုန် (၁၂)ကေ
ရောင်း/ငှား/အကျိုးတူ
လုပ်ကိုင်လိုပါသည်။
ဖုန်း- ၀၉-၇၃၁၀၄၀၄၆၊
၀၉-၇၃၁၀၄၀၄၉



စုစုအေးအောင်
လေးဖက်နာ
ပျောက်ဆေး



သတိုးအောင်ဇေယျ Computer & Electronic

အခြားသော Laptop & Desktop များကိုလည်း အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။



**FMV A550**
Core i5 2.67 GHz
Memory - 2GB
HDD - 160 GB
ROM - DVD-RW
Contain - Wifi,15.6"
**180,000 Ks**



**Think Center**
Pentium Dual HT 2.8
Memory - 1GB DDR2
HDD - 80 GB
ROM - DVD-Combo
+17" TFT LCD
**89,000 Ks**

20" LCD TV



With
T2 Set Box
**60,000 Ks**

20" LCD,TV,Monitor



**42,000 Ks**

15" LCD TV



**25,000 Ks**



Choose the right school for your child that will provide them with competitive opportunities to face their unfolding digital world

2015-16 Academic Year
**Admissions Open**
(Limited Seats)




"Fit Brains Gain More"

**BRAINWORKS**
K-12 INTEGRATED SCHOOL

| | | | | |
|---|---|---|---|---|
| Aung Zeya 09 2629 34441 - 2 | Downtown (41st) 376022 376010 | Kamayut 524599 501976 514267 | Parami 660855 0973107376 09796206884 | |
| Sanchaung 526456 0973143280 | Tamwe 401592 - 4 | Taunggyi 206765 09 49 378436 | Thingangyun 8551360 - 3 | Kyi Myin Daing 2300715 2300716 |



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
**MECHANICAL CAR PARKING**











**TPW**

No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။



SGS
Certificate TH09/3125

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

SGS UKAS
Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တာဆာထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ဓါးထမ်းကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။

# Congratulations!

**Our warmest and heartiest congratulations**

**on the successful opening of**

**UOB 大華銀行**

**Yangon Branch in Myanmar on May 4, 2015.**

**Wishing you success and outstanding achievements in sharing good banking products and services to get prosperity and benefit in banking sectors in Myanmar.**

C B BANK

Chairman

and Board of Directors

CB Bank



SiES ENGLISHSCHOOL

အင်္ဂလိပ်စကားပြော

(၂)လအတတ်သင်တန်း

တန်းခွဲသစ်များ 1July စမည်

* (၁၀)တန်းဖြေထားသူများအတွက်အထူး BASIC 4-SKILL ENGLISH
* လုပ်ငန်းခွင်ဝင်မည့်သူများအတွက် SPOKEN ENGLISH CLASS
* BAND-7 ရည်မှန်းထားသူများအတွက် IELTS preparation course

ကျောက်တံတားမြို့နယ် 09 5406533



အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ / ငွေဆောင်

Ph : 703790, 09-861-9008

707062, 09-861-7770



**ကိုသန့်ဇင် CAR RENTAL**

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁



ဒေါ်တင်လှိုင် B.A(Eng) ဦးစီးသော

SUPER-A-ONE အင်္ဂလိပ်စကားပြော

Interview (၁)ပတ်၊ နိုင်ငံခြားသွား(၁)လ အခြေခံအဆင့်မြင့်(၁)လ

Tourism,Hotel,Company,Student Visa, Grammer

သဒ္ဒါ အထူးသီးသန့် ➤ ☎ 511231

တိုက်(၁)အခန်း(၂၂)ပြ-ထပ်၊ လှည်းတန်းမီးပွိုင့်အနီး။


**တစ်ဦးတည်းဖြစ်ကြောင်း** ဦးလတောင်[၁/မကန(နိုင်)၀၃၄၈၀၆]နှင့် ဦးအင်ဂန်လတောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**


Trumpet Travels & Tours

: Pa(3) Padonmar Street, Sanchaung Township, Yangon.

: 01 532250, 09 250021676, 09-5182767,09 43089536

Hot Trip

" Julyလ (4,11) ရက်နေ့ ခရီးစဉ် "

ကရင်ပြည်နယ် ကျွဲကသိုက်ရေတံခွန် နှင့် ဘားအံ့ဘုရားစုံဖူး ခရီးစဉ် 35000Ks/-


## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**Ph:09-260664480**
**09-260664490**


GUSTO Institute of Information Technology

အောင်မြင်သော IT Developer တစ်ယောက်ဖြစ်လိုသူများအတွက်

Java Specialized Programming Courses

.Net Specialized Programming Courses

Database Specialized Courses

Open Source PHP Courses

Android Application Development Courses

iOS Application Development Courses

GUSTO တွင်အဆင့်မြင့် IT နည်းပညာများကို တစိုက်မတ်မတ် လေ့လာနေသော နိုင်ငံတကာ အတွေ့အကြုံရှိဆရာများမှ မြန်မာလူငယ်များ Developer လမ်းကြောင်းပေါ်သို့ အချိန်တိုအတွင်း ရောက်ရှိစေရန် ဆွေးနွေးလမ်းညွှန် ပေးလျက်ရှိပါသည်။

Call Now! 09- 730 31 302, 01- 504 632

# 289(A), Pyay Road, Sanchaung Township, Yangon.


## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ (ODA Loan)ဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ တိုးချဲ့မြို့ရေရရှိရေးလုပ်ငန်းအတွက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ တိုးချဲ့မြို့ရေရရှိရေးလုပ်ငန်းတို့အတွက် လိုအပ်သောပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

(က) ပဲခူးမြို့ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work

(ခ) ဖျာပုံမြို့ရေရရှိရေးလုပ်ငန်း (Lot-1) ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ (Lot-5) Civil Construction Work

၂။ ပဲခူးမြို့ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၃-၈-၂၀၁၅ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၃-၈-၂၀၁၅ ရက် ၁၃:၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ဖျာပုံမြို့ရေရရှိရေးလုပ်ငန်း(Lot-1) ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၄-၈-၂၀၁၅ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၄-၈-၂၀၁၅ ရက် ၁၃:၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဖျာပုံမြို့ရေရရှိရေးလုပ်ငန်း(Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၄-၈-၂၀၁၅ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၄-၈-၂၀၁၅ ရက် ၁၃:၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

BRAND'S 180 YEARS

အောင်မြင်မှုတွေရရှိဖို့
ဘရင်းက ကျွန်တော့်ကိုအမြဲကူညီပေးပါတယ်။




ဘရင်းကြက်ပေါင်းရည်ဟာ မှတ်ဉာဏ်စွမ်းရည်ပိုမိုကောင်းမွန်စေပြီးကျန်းမာစေရန် အားဖြည့်ပေးကြောင်း သိပ္ပံနည်းကျအတည်ပြုချက်များ ရရှိထားသော တစ်ခုတည်းသောကြက်ပေါင်းရည်ဖြစ်ပါတယ်။

ဘရင်း ကြက်ပေါင်းရည်...ကျန်းမာသွက်လက်...ဉာဏ်ထက်မြက်

ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ အဆင့်မြင့်ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။

ဖုန်း- ၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်

ဖုန်း -0943075129

သွေးသည် အသက်

မှုခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှုခင်းအသိပညာရရှိစေဖို့

**မှုခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့

အမှတ်စဉ်(၂/16)ယနေ့ထွက်ပြီ

Ph-01-397164, 01-9000017

★အရက်မူးပြီး အော်ဆဲကာ ဓားနဲ့ထိုးလို့ သေဆုံးသွားရတဲ့ဖြစ်ရပ် ★ဆိုင်ကယ်လိုချင်လို့ သတ်ပြီး ယူဆောင်သွားတာပါလို့ ဝန်ခံထွက်ဆိုသူ ★ "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ကားကြောင့် အဖမ်းခံရပြီ ★မီးပိတ်တာကို မကျေနပ်တာနဲ့ လူသတ်မှုကျူးလွန်ခဲ့သူ ★အတင်းပြောတယ်ထင်ပြီး ပြောမိသူ ဝက်အူလှည့်နဲ့ ထိုးခံရတဲ့ဖြစ်ရပ် ★အိမ်တံခါးပိတ်ပြီး ဓားနဲ့ခုတ်ကြတဲ့ ညီအစ်ကိုတွေရဲ့ဖြစ်ရပ် ★ စိတ်မထိန်းနိုင်ဘဲ လင်က မယားကို ဓားနဲ့ခုတ်သတ်★ နဝမတန်းကျောင်းသူတစ်ဦးကို ခြိမ်းခြောက် ဓားပြပြီး ကားပေါ်တင်ဆောင်ခဲ့တဲ့ အမျိုးသမီးသုံးယောက် ★မင်္ဂလာတောင်ညွန့်မြို့နယ်မှာ အသက် (၈၇)နှစ်အရွယ် အဘိုးကို သတ်ပြီး ပစ္စည်းနဲ့ငွေတွေယူသွားတဲ့ လူငယ်(၄)ဦးကို ဖမ်းဆီးရမိ ★ရွှေဆွဲကြိုးရော အသက်ပါပျောက်သွားရတဲ့ အဘွားရဲ့ဖြစ်ရပ် ★တူဖြစ်သူက တုတ်နဲ့ရိုက်လို့ သေဆုံးသွားတဲ့ဖြစ်ရပ် ★လူနာစောင့်ဖို့ ဆေးရုံသွားတုန်း နေအိမ်ကပစ္စည်းတွေ အခိုးခံရ★အောင်လံမှာ ငါးထောင်တန်အတု သုံးစွဲသူကို ဖမ်းဆီးရမိ ★ကားကြီးဝင်းအတွင်းမှာ ဖမ်းမိတဲ့ အနိုပ်ခန်းများ ...စတဲ့သတင်းများနဲ့အတူ **ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။**

ဖုန်း Software & Hardware နှင့်ပတ်သက်၍ Genius

# Genius
Mobile Phone Software & Hardware Training Centre

Enroll Now!

သင်တန်းအမှတ်စဉ်(၁) ၁၃.၇.၂၀၁၅ စမည်။

No.(22-A), First Floor, Than Street,(7)Quarter, Hlaing Township, Yangon.Ph: 09-252592251, 09-5501698, 09-5164201

ဝေဝ အားတိုးဆေးရည်

ကိုယ်တွင်း ဩဇာဓာတ်များအားနည်း ကုန်ခမ်းနေပါသလား။

"ဝေဝအားတိုးဆေးရည်ကသင့်ကျန်းမာရေးကို တာဝန်ယူပါရစေ"

အစားမဝင်
အိပ်မပျော်
အလျားမကျ
ဝမ်းမရစ်

ပျောက်ကင်းစေပြီး
အားပြည့်လန်းဆန်းစေသည်။

❖ နာတာရှည်ရောဂါသည်များအတွက် နလန်ပြန်ထစေနိုင်သည်။
❖ အထူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည့်အဆင့် ခံစားရသူများ သောက်သုံးလျှင်ပင်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည်။
❖ အထူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင်သည်။
❖ Anti oxidant Action ရှိကြောင်း လက်တွေ့သုတေသနပြုပြီး။
❖ Acute Toxicity Test ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျ သုတေသနပြုလုပ်ထား၍ Side effect ဘေးထွက်ဆိုးကျိုး ကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
❖ From Experience ~ To Evidence






တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - TMR 010126 (0216)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (တနယ်ငင်း) ၀၃၂/၀၅၁၅

ပင်ရင်း ❖ ဝေဝ ဆေးတိုက် ➢
အောင်ဇေယျမြို့တော်၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
☎: ၀၉-၂၅၀၂၉၅၃၈၃၊ ၀၉-၇၉၇၅၅၅၄၂၁၊ ၀၉-၇၉၇၅၅၅၄၁၂၊ ၀၉-၇၉၇၅၅၅၆၂၁၊ ၀၉-၇၉၇၅၅၅၆၁၂၊ ၀၉-၄၉၇၄၂၇၄၉၊ ၀၉-၈၅၇၅၃၄၁

မြန်မာတိုင်းရင်းသားဆေးစစ်စစ်ကိုသာသုံးစွဲလိုပါသလား ? ဒေါ်ငြိမ်းရင် (သမီး) ပဒေသာချုပ်ဆေးဝယ်စားပါ။

သုတ္တလမြို့
ဒေါ်ငြိမ်းရင် ပဒေသာချုပ်ဆေး

ဝင်ခုံ- ဒေါ်ငြိမ်းရင် သမီး တိုင်းရင်းဆေးထုတ်လုပ်ရေး အမှတ်(၂၂၈)၊ လမ်း(၃၀)၊ ပဲခူးမြို့။

✻ အမျိုးသား၊ အမျိုးသမီး ဒူလာ၊ မီးယပ်နှင့်ပတ်သက်သမျှရောဂါများ။ မီးယပ်ပိန်၊ မီးယပ်မမှန်ခြင်း။
✻ ဒူလာရောဂါများ၊ ညောင်းညာကိုက်ခဲခြင်း နှင့်လေထိုးလေအောင့် သွေးတိုးရောဂါများ ပျောက်၍ သီး၊ ဝမ်း၊ လေ မှန်ကာ အိပ်ပျော်စားဝင်၍ အသားအရေကြည်လင်စိုပြေ၍ ဘေးထွက်ဆိုးကျိုးမရှိ ကျန်းမာဝပြိုးအလှတိုးစေပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော် မိခင်ကြီးကွယ်လွန်ချိန်မှစ၍ ဒေါ်ငြိမ်းရင်- သမီး အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ ၊ တိုင်းရင်းဆေးကြီးကြပ်ရေးကော်မတီမှ ထုတ်လုပ်ခွင့်ရရှိပြီး ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပါသည်။

ပင်ရင်း- ဒေါ်ငြိမ်းရင်- သမီး ဆေးတိုက် (လိပ်ပြာကန်အနီး၊ လမ်း(၃၀) ပဲခူးမြို့)
ဖုန်း - ၀၅၂- ၂၂၂၄၁၃၃၊ ၀၉- ၂၅၀၀၀၅၅၂၈၊ ၀၉- ၄၉၅၅၃၇၆၇၊ ၀၉- ၂၅၃၇၀၁၇၁၁

Hot Line No-0930500100

# ဆရာ ဆရာမ၏ အရည်အသွေးပြည့်ဝမှသာ ကျောင်းသား ကျောင်းသူများ အရည်အသွေးပြည့်မီနိုင်မည်

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဓာတုဗေဒလက်တွေ့ပြခန်း၊ ကွန်ပျူတာခန်း၊ အော်ဒီယိုခန်း၊ ဇီဝဗေဒလက်တွေ့ပြခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ လက်တွေ့သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဆိုပါကျောင်းရှိ ပန်းဟေဝန်ခန်းမ၌ မကွေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက မကွေးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မကွေးမြို့ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) အခြေခံပညာအထက်တန်းကျောင်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(သာစည်)တို့အတွက် ကွန်ပျူတာ၊ ကျောင်းသုံးဗလာစာအုပ်နှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့●

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်များအဖြစ် ကြေညာချက်အမှတ် (၂၂/၂၀၁၅)ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၃/၂၀၁၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၄/၂၀၁၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၂၅/၂၀၁၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း ဇူလိုင် ၁ ရက်စွဲဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်များအရ ယခုနှစ်အတွင်းကျင်းပမည့် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၄၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။

ယင်းမဲဆန္ဒနယ်မြေများသတ်မှတ်ခြင်း ကြေညာချက်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uecmyanmar.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲ လက်ရှိချန်ပီယံ ဂျပန်နှင့် အမေရိကန်ထိပ်တိုက်တွေ့ဆုံ




၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်အမျိုးသမီးအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ဂျပန်အမျိုးသမီးအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံစဉ်။

ကနေဒါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သည့် အင်္ဂလန်အမျိုးသမီးအသင်းနှင့် ဂျပန်အမျိုးသမီးအသင်းတို့၏ ပွဲစဉ်တွင် လက်ရှိချန်ပီယံ ဂျပန်အမျိုးသမီးအသင်းက အင်္ဂလန်အမျိုးသမီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျပန်အမျိုးသမီးအသင်းသည် အင်္ဂလန်အမျိုးသမီးအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အင်္ဂလန်အမျိုးသမီးအသင်းသည် အသင်း၏

စာမျက်နှာ ၄ ကော်လံ ၅ သို့○

အသခ်ဃာစောယွမ်း ကြေးရုပ်တု သွန်းလောင်းပြီးစီး

စာမျက်နှာ - ၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

စာမျက်နှာ - ၃

ပြည်သူက ရွေးတာကို လက်ခုပ်တီးကြိုဆို

စာမျက်နှာ - ၆

ရှက်တာဒိုးနက်ခ် ကွင်းလယ်လူ ကော်စတာအား ဘိုင်ယန်မြူးနစ်ခေါ်ယူ

စာမျက်နှာ - ၁၃

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှယူ-၁၉ ခြေစစ်ပွဲ သုဝဏ္ဏကွင်း၌ ကျင်းပမည်



၂၀၁၄ အာရှယူ-၁၉ ပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်း ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဇူလိုင် ၂**

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၆ အာရှယူ-၁၉ ပြိုင်ပွဲ၏ ခြေစစ်ပွဲများကို အုပ်စုအလိုက် သက်ဆိုင်ရာနိုင်ငံများတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်း ယှဉ်ပြိုင်မည့် အုပ်စု(G)ပွဲစဉ်များကို မြန်မာနိုင်ငံက ကျင်းပခွင့်ရရှိခဲ့ကာ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အာရှယူ-၁၉ ပြိုင်ပွဲဝင်ခွင့်ရရှိမည့် ခြေစစ်ပွဲများကို အုပ်စု ၁၀ အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(G)တွင် ဗီယက်နမ်၊ ဟောင်ကောင်၊ ဘရူနိုင်း၊ တီမောအသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ အဆိုပါခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ တစ်ရက်နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲများကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ စက်တင်ဘာ ၃၀ ရက်တွင် ဘရူနိုင်း၊ အောက်တိုဘာ ၂ ရက်တွင် တီမော၊ အောက်တိုဘာ ၄ ရက်တွင် ဟောင်ကောင်၊ အောက်တိုဘာ ၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲတွင်အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

လက်ရှိတွင် အာရှခြေစစ်ပွဲဝင်မည့် မြန်မာယူ-၁၉အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးဘဲ နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်သည်။ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းကို ဇူလိုင် ဒုတိယပတ်တွင် စတင်ပြင်ဆင်မည်ဖြစ်ပြီး အာရှခြေစစ်ပွဲမတိုင်မီ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။




themirror.npt@gmail.com www.facebook.com/themirrordaily

